ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ
စတုတ္ထအကြိမ်ညီလာခံ(၁၉၉၇ ခုနှစ်၊ မေလ)မှအတည်ပြုသော

# အနာဂါတ် ဖက်ဒရယ်ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (ပထမမူကြမ်း)

---

## နိဒါန်း

ပြည်ထောင်စုမြန်မာနိုင်ငံသားကျွန်ုပ်တို့သည် အခြေခံလူ့အခွင့်အရေး၊ ဒီမိုကရေစီအခွင့်အရေးနှင့် တိုင်းရင်းသားများ၏အခွင့်အရေးများကို အာမခံချက်ပေးနိုင်ရန်အတွက်လည်းကောင်း၊ အစွန့် ရှည်မည့် ငြိမ်းချမ်းရေး၊ သာယာဝပြောရေးနှင့်စည်းလုံးညီညွတ်ရေးများကို ဖေါ်ဆောင်သည့် ပြည်နယ်ပေါင်းစုပြည်ထောင်စုကြီးကို တည်ဆောက်သွားနိုင်ရန်အတွက် လည်းကောင်း ဆန္ဒခိုင်ကြည်စွာရှိကြသည်။ လွပ်လပ်မှု၊ တရားမျှတမှု၊ ညီမျှမှု၊ ငြိမ်းချမ်းမှု နှင့် ဥပဒေစိုးမိုးမှုတို့ အခြေခံပေါ်တွင် ပြည်သူတစ်ရပ်လုံး၏အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်သောလူထုအစိုးရကို အခြေခံဥပဒေနှင့်အညီဖေါ်ထုတ်လိုကြသည်။

ယင်းဆန္ဒပေါ်တွင်အခြေခံပြီး လွပ်လပ်၍အချုပ်အခြာအာဏာပြည့်ဝသော ဤဖက်ဒရယ်ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း တိုင်းရင်းသားလူမျိုးအချင်းချင်းငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ခြင်းဖြင့် သွေးစည်းညီညွတ်ရေးကိုထိမ်းသိမ်းရန် အခိုင်အမာသံဓိဋ္ဌာန်ချလျှက် ဤဖွဲ့ စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ပြည်ထောင်စု၏အမြင့်မားဆုံးဥပဒေအဖြစ် ယုံကြည်လက်ခံ လိုက်နာကျင့်သုံးကြရန် အတည်ပြုပြဋ္ဌာန်းလိုက်သည်။

---

## အခန်း (၁)
## ဖက်ဒရယ်ပြည်ထောင်စု၏အခြေခံမူများ

### ပုဒ်မ (၁) ဖက်ဒရယ်ပြည်ထောင်စုမြန်မာနိုင်ငံတော်

ဖက်ဒရယ်ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် လွှတ်လပ်သောအချုပ်အခြာအာဏာပိုင် ဒီမိုကရေစီနိုင်ငံတော်ဖြစ်သည်။

### ပုဒ်မ ( ၂ ) ပြည်ထောင်စုဖွဲ့ စည်းမှု

(က) တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးကို ဤဖွဲ့ စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့်အညီကျင့်သုံးသော ပြည်ထောင်စုအဖွဲ့ ဝင်ပြည်နယ်များဖြင့် ဖက်ဒရယ်ပြည်ထောင်စု ကို ဖွဲ့ စည်းရမည်။
(ခ) ဖက်ဒရယ်ပြည်ထောင်စုနှင့် ယင်း၏အဖွဲ့ ဝင်ပြည်နယ်များသည် အကျိုးတူလုပ်ငန်းများကိုအပြန်အလှန်လေးစားမှုနှင့် ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်ရမည်။

### ပုဒ်မ (၃) အချုပ်အခြာအာဏာ

အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှသက်ဆင်းစေရမည်။

### ပုဒ်မ(၄) အချုပ်အခြာအာဏာကိုကျင့်သုံးခြင်း

ဖက်ဒရယ်ပြည်ထောင်စု၏ ဥပဒေပြုမှုအာဏာ၊ အုပ်ချုပ်မှုအာဏာ၊ တရားစီရင်မှုအာဏာများကို ဤဖွဲ့ စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ တည်ထောင်ဖွဲ့ စည်းထားသောပြည်ထောင် စုလွှတ်တော်၊ ပြည်ထောင်စုအစိုးရ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့်အခြားတရား ရုံးများက ကျင့်သုံးပိုင်ခွင့်ရှိစေရမည်။

### ပုဒ်မ(၅) နယ်နိမိတ်

ဖက်ဒရယ်ပြည်ထောင်စု၏ အချုပ်အခြာအာဏာသက်ရောက်သောနယ်နိမိတ်သည် အဖွဲ့ ဝင်ပြည်နယ်များဖြင့်ပေါင်းစည်းထားသည့် တစ်ခုတည်းသောနယ်မြေဖြစ်သည်။

ဖက်ဒရယ် ပြည်ထောင်စုအဖွဲ့ ဝင် ပြည်နယ်အားလုံး၏ သဘောတူညီချက်မရပဲ ဖက်ဒရယ်ပြည်ထောင် စု၏နယ်နိမိတ်ကိုမပြောင်းလဲရ။

### ပုဒ်မ(၆) ရုံးသုံးဘာသာ

(က)ဖက်ဒရယ်ပြည်ထောင်စု၏ရုံးသုံးဘာသာအဖြစ် မြန်မာနှင့်အင်္ဂလိပ်နှစ်ဘာသာစလုံး သတ်မှတ်ရမည်။
(ခ) ပြည်နယ်အသီးသီးတွင် ယင်းပြည်နယ်၏အမျိုးသားဘာသာစကားကို ရုံးသုံးဘာသာ အဖြစ်သတ်မှတ်နိုင်သည်။

### ပုဒ်မ(၇)နိုင်ငံရေးစနစ်

(က) ဖက်ဒရယ်ပြည်ထောင်စု၏ နိုင်ငံရေးစနစ်သည် ပါတီစုံဒီမိုကရေစီစနစ်ဖြစ်သည်။ နိုင်ငံ ရေးပါတီများလွတ်လပ်စွာဖွဲ့ စည်းတည်ထောင်ခွင့်၊
နိုင်ငံရေးတွင်လွတ်လပ်စွာပါဝင်ဆောင်ရွက် ခွင့်ရှိစေရမည်။
(ခ) နိုင်ငံရေးပါတီများသည် ဒီမိုကရေစီအခြေခံမူများအရဖွဲ့ စည်း၊ ကျင့်သုံးရမည်။ နိုင်ငံ ရေးပါတီများဆိုင်ရာဥပဒေကို ဤပုဒ်မပါ ပြဋ္ဌာန်းချက်အပေါ်အခြေခံ၍ ပြည်ထောင်စုလွှတ် တော်မှ ပြဋ္ဌာန်းပေးရမည်။

### ပုဒ်မ (၈) ပြည်ထောင်စုအလံ

ဖက်ဒရယ်ပြည်ထောင်စုမြန်မာနိုင်ငံ၏အလံသည် အောက်ပါအတိုင်းဖြစ်သည်။
----------

### ပုဒ်မ(၉) ပြည်ထောင်စုအမှတ်တံဆိပ်

ဖက်ဒရယ်ပြည်ထောင်စုမြန်မာနိုင်ငံ၏အမှတ်တံဆိပ်သည်အောက်ပါအတိုင်းဖြစ်သည်။
----------

### ပုဒ်မ(၁၀) ပြည်ထောင်စုရုံးတံဆိပ်

ဖက်ဒရယ်ပြည်ထောင်စုမြန်မာနိုင်ငံ၏ရုံးတံဆိပ်သည်အောက်ပါအတိုင်းဖြစ်သည်။
----------

ပုဒ်မ(၁၁) ပြည်ထောင်စုသီချင်း

ဖက်ဒရယ်ပြည်ထောင်စုမြန်မာနိုင်ငံ၏ နိုင်ငံတော်သီချင်းသည် အောက်ပါအတိုင်းဖြစ် သည်။
----------

ပုဒ်မ(၁၂) ပြည်ထောင်စုမြို့ တော်

မဟာရန်ကုန်သည် ဖက်ဒရယ်ပြည်ထောင်စု၏မြို့ တော်ဖြစ်သည်။ ၎င်းကိုပြည်နယ်တစ်ခု အဖြစ် သတ်မှတ်သည်။

ပုဒ်မ(၁၃) အမြင့်ဆုံးဥပဒေ

ဖက်ဒရယ်ပြည်ထောင်စုတွင် ဤဖွဲ့ စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် အမြင့်ဆုံးဥပဒေဖြစ် သည်။

အခန်း(၂)

## အခြေခံအခွင့်အရေးများ

ပုဒ်မ(၁၄) ရုပ်သိမ်းခွင့်မရှိသောအခြေခံအခွင့်အရေးများ

(က) ဖက်ဒရယ်ပြည်ထောင်စုအတွင်းနေထိုင်သူတိုင်းသည်–

၁။ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ အဆင့်အတန်း၊ လိင်၊ အသားအရောင်၊ လူမျိုး၊ အသက်အရွယ်ခွဲခြားခြင်းမရှိစေရပဲ ဥပဒေရှေ့ မှောက်တွင် တန်းတူအခွင့်အရေး ရှိစေရမည်၊

၂။ အသက်ရှင်ရပ်တည်ခွင့်ရှိစေရမည်၊

၃။ လွတ်လပ်စွာတွေးခေါ်ခွင့်၊ ယုံကြည်ခွင့်ရှိစေရမည်၊

၄။လူပုဂ္ဂိုလ်တဦးအဖြစ်တရားဝင် အသိအမှတ်ပြုခံပိုင်ခွင့်ရှိပြီး လူ့ ဂုဏ်သိက္ခာ ကို ထိပါးစော်ကားခြင်း မခံစေရ။

(ခ) ဖက်ဒရယ်ပြည်ထောင်စုအတွင်းနေထိုင်သူမည်သူမဆို–

၁။ ကျွန်ပြုခြင်းမခံစေရ၊

၂။ အဓမ္မစေခိုင်းခြင်းမခံစေရ၊

၃။ နှိပ်စက်ညှင်းပန်းခြင်း၊ ရက်စက်၍လူမဆန်သော ပြုမူဆက်ဆံခြင်းမခံစေရ။

(ဂ) အထက်ပါ အခြေခံအခွင့်အရေးများကို မည်သည့်အခြေအနေအောက်တွင်မဆိုဟန့်တားခြင်း၊ ထိခိုက်စေခြင်း၊ ရုပ်သိမ်းခြင်းလုံးဝမရှိစေရ။

## ပုဒ်မ(၁၅) အခြေခံလွတ်လပ်ခွင့်များ

(က) ဖက်ဒရယ်ပြည်ထောင်စုအတွင်းနေထိုင်သူတိုင်းသည်–

၁။ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ပုံနှိပ်ထုတ်ဝေခွင့်၊ သတင်းဖြန့်ချီခွင့်ရှိစေရမည်၊

၂။ နိုင်ငံရေးခိုလှုံခွင့် တောင်းခံပိုင်ခွင့်ရှိစေရမည်၊

၃။ လွတ်လပ်စွာ ဘာသာတရားကိုးကွယ်ခွင့်၊ ဘာသာရေးထုံးတမ်းစဉ်လာများကိုကျင့်သုံးခွင့် ရှိစေရမည်၊

၄။ လွတ်လပ်စွာစုဝေးခွင့်နှင့်ငြိမ်းချမ်းစွာဆန္ဒပြခွင့်ရှိစေရမည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စု၏ နိုင်ငံသားတိုင်းသည်–

၁။ လွတ်လပ်စွာ အသင်းအဖွဲ့ ဖွဲ့ စည်းတည်ထောင်ခွင့်နှင့်ပါဝင်ခွင့်ရှိစေရမည်၊

၂။ ပြည်ထောင်စုအတွင်း လွတ်လပ်စွာ သွားလာခွင့်ရှိစေရမည်၊

၃။ ပြည်ထောင်စုအတွင်းနေထိုင်ခွင့်၊ စီးပွါးရှာဖွေခွင့်နှင့်အလုပ်လုပ်ပိုင်ခွင့်ရှိစေရမည်၊

၄။ ပြည်ထောင်စုမှ ပြည်ပသို့ ထွက်ခွါခွင့်၊ ပြည်ပမှ ပြည်ထောင်စုသို့ပြန်လည်ဝင်ရောက်ခွင့် ရှိစေရမည်။

(ဂ) အထက်ပြဋ္ဌာန်းချက်ပါအခွင့်အရေးများကိုကျင့်သုံးရာတွင် ပြည်ထောင်စုလွှတ်တော်မှပြဋ္ဌာန်းသော ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဖြစ်စေရမည်။

(ဃ) ဤပုဒ်မပါအခြေခံလွတ်လပ်ခွင့်များကိုကျင့်သုံးရာ တွင်ဒီမိုကရေစီကျင့်စဉ်များကိုဆန့်ကျင်ခြင်း၊ ပြည်သူ့ကျန်းမာရေးနှင့်ပြည်သူ့ကိုယ်ကျင့်တရားကို ထိခိုက်ပျက်ပြားစေနိုင်ခြင်းများဖြစ်ပေါ်လာပါက ကန့်သတ်ဟန့်တားသည့်ဥပဒေကို ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းနိုင်စေရမည်။

## ပုဒ်မ(၁၆) လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာအခွင့်အရေး

အရွယ်ရောက်ပြီးသူတိုင်းသည် လူမျိုး၊ ဘာသာ၊ အဆင့်အတန်းမခွဲခြားပဲ လွတ်လပ်သော သဘောဆန္ဒနှင့်အညီ လက်ထပ်ပိုင်ခွင့်ရှိသည်။

## ပုဒ်မ (၁၇) အလုပ်လုပ်ပိုင်ခွင့်အခွင့်အရေး

ပြည်ထောင်စုနိုင်ငံသားတိုင်းသည်လူမျိုး၊ ဘာသာ၊ လိင်၊ အသက်အရွယ်၊ အသားအရောင်၊ ခွဲခြားခြင်းမရှိစေရပဲ အလုပ်လုပ်ပိုင်ခွင့်နှင့် အလုပ်ရွေးချယ်ပိုင်ခွင့် အခွင့်အရေးရှိစေရမည်။

## ပုဒ်မ (၁၈) နိုင်ငံသားဖြစ်ခွင့် အခွင့်အရေး

ပြည်ထောင်စုအတွင်းနေထိုင်သူတိုင်းသည် နိုင်ငံသားအဖြစ်လျှောက်ထားပိုင်ခွင့်ရှိစေရမည်။

## ပုဒ်မ (၁၉) ကိုယ်ပိုင်လွတ်လပ်မှုအခွင့်အရေး

(က) ပြည်ထောင်စုအတွင်းနေထိုင်သူမည်သူမဆို မိမိ၏နေအိမ်၊ မိသားစုစာပေးစာယူနှင့် ကိုယ်ပိုင်လွတ်လပ်မှုတို့ကို ဥပဒေနှင့်အညီမဟုတ်သော နှောက်ယှက်ခြင်း၊ မိမိ၏သိက္ခာနှင့် ဂုဏ် သတင်းကို ဥပဒေနှင့်အညီ မဟုတ်သောနည်းဖြင့်ထိခိုက်ခြင်း မခံထိုက်စေရ။
(ခ) ပြည်ထောင်စုအတွင်းနေထိုင်သူတိုင်းသည် ဥပဒေနှင့်မညီသောနည်းနှင့် လူပုဂ္ဂိုလ်ကို ရှာဖွေခံရခြင်း၊ နေအိမ်ဥပစာအတွင်းဝင်ရောက်ရှာဖွေခံရခြင်းတို့မှ လုံခြုံမှုခံစားပိုင်ခွင့်ရှိစေရမည်။

## ပုဒ်မ (၂၀) ပစ္စည်းပိုင်ဆိုင်ခွင့် အခွင့်အရေး

(က) နိုင်ငံသားတိုင်းသည် တရားသဖြင့်ရှာဖွေရရှိထားသော ပစ္စည်းဥစ္စာများ ပိုင်ဆိုင်ခွင့်၊ လွှဲပြောင်းခွင့်၊ ထုခွဲရောင်းချပိုင်ခွင့်၊ အမွေဆက်ခံပိုင်ခွင့် ရှိရမည်။
(ခ) နိုင်ငံသားတိုင်း၏ ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်ကို အများပြည်သူအကျိုးအတွက်သာလျှင် ဥပဒေနှင့်အညီရုပ်သိမ်းမှုပြုလုပ်နိုင်စေရမည်။ ရုပ်သိမ်းခံရသူ၏အကျိုးနှင့် အများပြည်သူ တို့၏အကျိုးကို တရားမျှတစွာ ချိန်ဆ၍သင့်တော်သောလျော်ကြေးပေးပြီးမှသာ သိမ်းယူခွင့် ရှိစေရမည်။

## ပုဒ်မ (၂၁) ဖမ်းဆီးချုပ်နှောင်ခံရသူ၏အခွင့်အရေး

(က) ပြည်ထောင်စုအတွင်းနေထိုင်သူမည်သူမဆို သံသယဖြင့်ချုပ်နှောင်ခံရခြင်း၊ ထောင် သွင်းအကျဉ်းချခံရခြင်း မရှိစေရ။

(ခ) ဖမ်းဆီးချုပ်နှောင်ခံရသူတိုင်းအပေါ်ဆက်ဆံရာတွင် လူ့ဂုဏ်သိက္ခာနှင့်အညီဆက်ဆံမှုခံထိုက်စေရမည်။
(ဂ) ဖမ်းဆီးချုပ်နှောင်ခံရသူမည်သူ့ကို မဆိုဝရမ်းအရမဟုတ်လျှင် (၂၄) နာရီထက်ကျော်လွန်၍ ချုပ်နှောင်ထားခြင်းမရှိစေရ။ (၂၄) နာရီထက်ကျော်လွန်၍ ချုပ်နှောင်ရန်လိုလောက်သောအကြောင်းရှိလျှင်အာဏာရှိသည့် သက်ဆိုင်ရာတရားရုံးသို့ စွပ်စွဲခံရသူနှင့်တကွအစီရင်ခံတင်ပြပြီး တရားသူကြီးတစ်ဦးဦး၏ချုပ်မိန့်ဖြင့်သာ တည်ဆဲတရားဥပဒေများ နှင့်အညီ ဆက်လက်ချုပ် နှောင်ပိုင်ခွင့်ရှိစေရမည်။

## ပုဒ်မ (၂၂) ပြစ်မှုဆိုင်ရာစွဲဆိုခြင်း

(က) တစုံတယောက်သည် ပြစ်မှုတခုခုနှင့်တရားစွဲဆိုခြင်းခံရပါက–

၁။ အဆိုပါပြစ်မှုနှင့်စွဲဆိုထားကြောင်းကို နှောင့်နှေးခြင်းမရှိကြားသိစေရမည်၊
၂။ အမြန်ဆုံးအချိန်ကာလအတွင်း စစ်ဆေးကြားနာရမည်၊
၃။ ၎င်း၏ဆန္ဒနှင့်ဆန့်ကျင်၍သက်သေထွက်ဆိုရန်အတင်းအကြပ်ပြုခြင်းမခံစေရ၊
၄။ ဥပဒေနှင့်အညီစုခံချေပပိုင်ခွင့် အပြည့်အဝရှိစေရမည်၊ ၎င်း၏ကိုယ်စား ဥပဒေအကျိုးဆောင်ငှါးရမ်းထုချေပိုင်ခွင့်ရှိစေရမည်၊
၅။ ၎င်းနားလည်နိုင်သော ဘာသာစကားဖြင့် စစ်ဆေးကြားနာမှုခံယူခွင့်ရှိစေရမည်၊ ယင်းသို့ ဆောင်ရွက်ရန်အခက်အခဲရှိပါက စကားပြန်၏အကူအညီကို ရယူ ခွင့်ရှိစေရမည်။

(ခ) ကြားနာသောတရားခွင်အားလုံးသည် အများပြည်သူတက်ရောက်နိုင်သောတရားစီရင်ရေးဖြစ်ရမည်။

## ပုဒ်မ (၂၃) တရားစီရင်ခြင်းနှင့် ပြစ်ဒဏ်

(က) ပြစ်မှုဖြစ်ပွါးစဉ်အချိန်က အတည်ဖြစ်နေသောတရားဥပဒေအရသာ စီရင်ရမည်။
(ခ) လူ့သိက္ခာညှိုးနွမ်းသေးသိမ်စေသော ပြစ်ဒဏ်များမပေးရ။
(ဂ) တရားသေလွှတ်ခြင်းခံရပြီးသူ မည်သူတဦးတယောက်ကိုမဆို အဆိုပါပြစ်မှုအတွက် ထပ်မံစစ်ဆေးစီရင်ခြင်းမပြုရ။
(ဃ) မည်သူမဆိုပြစ်မှုတစ်ခုအတွက် တစ်ကြိမ်ထက်ပို၍ ပြစ်ဒဏ်ချမှတ်ခြင်းမခံစေရ။

## ပုဒ်မ (၂၄) ယဉ်ကျေးမှုအခွင့်အရေးများ

နိုင်ငံသားတိုင်းသည် မိမိတို့၏တိုင်းရင်းသားယဉ်ကျေးမှု၊ ဓလေ့ထုံးစံအစဉ်အလာများကို တိုးတက်ပြန့်ပွါးအောင်ဆောင်ရွက်ပိုင်ခွင့်ရှိရမည်။ ဤသို့ဆောင်ရွက်ရာတွင် ပြည်ထောင်စု အစိုးရနှင့်ပြည်နယ်အစိုးရများမှ ထောက်ပံ့အားပေးကူညီရမည်။

## ပုဒ်မ (၂၅) ပညာရေးအခွင့်အရေးများ

(က) နိုင်ငံသားတိုင်းသည် လွတ်လပ်စွာပညာသင်ကြားပိုင်ခွင့်ရှိသည်။
(ခ) မိမိနှစ်သက်ဝါသနာပါရာ အတတ်ပညာ၊ အသက် မွေးဝမ်းကြောင်းပညာ၊ အဆင့်မြင့် ပညာများကို လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်ရှိစေရမည်။
(ဂ) အခြေခံပညာရေးကိုမသင်မနေရအဖြစ်အခမဲ့သင်ကြားခွင့်ရရှိအောင် စီစဉ်ဆောင်ရွက် ရမည်။

## ပုဒ်မ (၂၆) တိုင်းရင်းသားဘာသာစကား

နိုင်ငံသားတိုင်းသည် မိမိတို့လူမျိုး၏ ဘာသာစကား၊ စာပေတို့ကို လွတ်လပ်စွာသင်ကြား ပိုင်ခွင့်ရှိစေရမည်။ တိုးတက်ပြန့်ပွါးအောင်ဆောင်ရွက်ပိုင်ခွင့်ရှိစေရမည်။

## ပုဒ်မ (၂၇) ပညာသင်ကျောင်းများတည်ထောင်ခွင့်

ပုဂလိကကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်များ၊ သိပံနှင့်အသက်မွေးဝမ်းကျောင်းဆိုင် ရာအဆင့်မြင့်ပညာသင်ကျောင်းများကိုသတ်မှတ်ပြဌာန်းသောဥပဒေနှင့်အညီ တည်ထောင် ပိုင်ခွင့်ကိုအာမခံရမည်။

## ပုဒ်မ (၂၈) ခလေးများအခွင့်အရေး

(က) ကလေးငယ်တိုင်းသည်အရွယ်မရောက်သေးသူအဖြစ် ကာကွယ်စောင့်ရှောက်မှု ရရှိ ခံစားပိုင်ခွင့်ရှိသည်။ ကလေးတို့ကိုပြုစုစောင့်ရှောက်ခြင်းနှင့် သွန်သင်ပြုပြင်ခြင်းတို့သည် မိဘတို့၏ သဘာဝအခွင့်အရေးဖြစ်သည်။
ကလေးငယ်တိုင်းသည်အမျိုးသားထုတရပ်လုံး၏ ဖေးမကူညီမှုကို ခံစားပိုင်ခွင့်ရှိစေရမည်။
(ခ) ကလေးများအားမိဘ သို့မဟုတ် အုပ်ထိန်းသူတို့၏ဆန္ဒမပါပဲ ၎င်းတို့၏မိသားစုထံမှ ကွဲကွာအောင်မပြုလုပ်ရ။ အကယ်၍မိဘသို့မဟုတ် အုပ်ထိမ်းသူတို့ကဝတ္တရားပျက်ကွက် လျှင်သော်လည်းကောင်း၊ တနည်းနည်းကြောင့် ကလေးများခိုကိုးရာမဲ့ဘဝသို့ ရောက်ရှိမည့် အခြေအနေမျိုးတွင်သော်လည်းကောင်း၊ ကလေးများအားမိသားစုနှင့် ကွဲကွာစေခြင်းကို ဥပဒေအတိုင်းဆောင်ရွက်ရမည်။

(ဂ) ကလေးများကိုစီးပွါးရေးနှင့် လူမှုရေးအရ ခေါင်းပုံဖြတ်ခြင်းမှ ကာကွယ်စောင့်ရှောက်မှုပြုရမည်။ ၎င်းတို့၏ကိုယ်ကျင့်တရား၊ ကျန်းမာရေး၊ အသက်အန္တရယ်၊ ကိုယ်ခန္ဓာကြီးထွားဖွံ့ ဖြိုးမှု၊ တစ်ခုခုကို ထိခိုက်စေသောအလုပ်လုပ်ကိုင်စေခြင်းများမှ ကာကွယ်စောင့်ရှောက် ရမည်။
(ဃ) ကလေးများအလုပ်လုပ်ကိုင်နိုင်သည့် အသက်အရွယ်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်မှဥပဒေပြဌာန်းရမည်။

## ပုဒ်မ (၂၉) နိုင်ငံရေးအခွင့်အရေးများ

အရွယ်ရောက်သူနိုင်ငံသားတိုင်းသည်–
(က) တိုက်ရိုက်သော်လည်းကောင်း၊ လွတ်လပ်စွာရွေးချယ်တင်မြှောက်ထားသော ကိုယ်စားလှယ်များမှ တဆင့်သော်လည်းကောင်း နိုင်ငံရေးရာကိစ္စများတွင် ပါဝင်ဆောင်ရွက်ခွင့်ရှိစေရမည်။
(ခ) မဲဆန္ဒရှင်များ၏ လွတ်လပ်သော ဆန္ဒဖေါ်ပြမှုကိုအာမခံသည့် လျို့ ဝှက်၊ တိုက်ရိုက်၊ လွတ်လပ်၍ညီမျှမှုရှိသော အထွေထွေရွေးကောက်ပွဲများတွင်သော်လည်းကောင်း၊ အခါ အားလျော်စွာကျင်းပသော ရွေးကောက်ပွဲများတွင်သော်လည်းကောင်း ဆန္ဒမဲပေးပိုင်ခွင့်၊ ရွေးချယ်တင်မြှောက်ခံပိုင်ခွင့် ရှိစေရမည်။

## ပုဒ်မ (၃၀) အပြည်ပြည်ဆိုင်ရာစာချုပ်စာတမ်းများ

ဖက်ဒရယ်ပြည်ထောင်စုမှအတည်ပြုသော အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး စာချုပ်စာတမ်းများကို တရားရုံးများမှ တိုက်ရိုက်ကိုးကားကျင့် သုံးပိုင်ခွင့်ရှိစေရမည်။

## ပုဒ်မ (၃၁) လူ့အခွင့်အရေးကော်မရှင်

လူ့အခွင့်အရေးဖေါက်ဖျက်ခံရသူမည်သူမဆို လူ့အခွင့်အရေးကော်မရှင်၏ ကာကွယ်စောင့်ရှောက်မှုကိုရယူခွင့်ရှိစေရမည်။

## ပုဒ်မ (၃၂) အခြေခံဥပဒေ၏အကာအကွယ် ရယူခြင်း

(က) နိုင်ငံတော်အတွင်းနေထိုင်သူတိုင်းသည် ဖွဲ့ စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၏ ဤအကာ အကွယ်ကိုရယူရန်လိုအပ်သောအခါ၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လျှောက် ထားပိုင်ခွင့်ရှိစေရမည်။
(ခ) ဤအခွင့်အရေးများကို မည်သည့်အခြေအနေတွင်မှရပ်ဆိုင်းထားခြင်းမရှိစေရ။

ပုဒ်မ (၃၃) ပြည်ထောင်စု၏အကာအကွယ်ရယူခြင်း

နိုင်ငံသားတိုင်းသည် ပြည်ထောင်စုအတွင်း၊ အပြင်နှစ်ဌာနစလုံး၌ ဖက်ဒရယ်ပြည်ထောင်စု၏ ကာကွယ်စောင့်ရှောက်မှုကို တောင်းဆိုပိုင်ခွင့်ရှိစေ ရမည်။

အခန်း (၃)

# ပြည်ထောင်စုဖွဲ့စည်းပုံ

ပုဒ်မ (၃၄ ) ပြည်ထောင်စု၏ဖွဲ့ စည်းမှုပုံစံ

(က) ဖက်ဒရယ်ပြည်ထောင်စုကို အမျိုးသားပြည်နယ်၊ အမျိုးသားများပြည်နယ်များဖြင့် စုပေါင်းဖွဲ့ စည်းထားသည်။

(ခ) ပြည်ထောင်စုအဖွဲ့ ဝင်ပြည်နယ်များအတွင်းတွင် အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေးဒေ သများနှင့် တိုင်းရင်းသားအထူးဒေသများကို လိုအပ်ချက်အရ ပါဝင်ဖွဲ့ စည်းရမည်။

ပုဒ်မ (၃၅) အမျိုးသားပြည်နယ်များ

အမျိုးသားပြည်နယ်များမှာအောက်ပါတို့ ဖြစ်သည်။

၁။ ကချင် အမျိုးသားပြည်နယ်
၂။ ကရင် အမျိုးသားပြည်နယ်
၃။ ကရင်နီ အမျိုးသားပြည်နယ်
၄။ ချင်း အမျိုးသားပြည်နယ်
၅။ ဗမာ အမျိုးသားပြည်နယ်
၆။ မွန် အမျိုးသားပြည်နယ်
၇။ ရခိုင် အမျိုးသားပြည်နယ်
၈။ ရှမ်း အမျိုးသားပြည်နယ်
၉။ ---- အမျိုးသားပြည်နယ်
၁၀။ ---- အမျိုးသားပြည်နယ်
( )။----အမျိုးသားပြည်နယ်
( )။----အမျိုးသားပြည်နယ်

ပုဒ်မ (၃၆)အမျိုးသားများပြည်နယ်များ

အမျိုးသားများပြည်နယ်များမှာအောက်ပါတို့ ဖြစ်သည်။

၁။ --------

၂။ --------

၃။ --------

### ပုဒ်မ (၃၇) လူမျိုးတစ်မျိုးပြည်နယ်တစ်ခု

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးတမျိုးသည် အမျိုးသားပြည်နယ်တစ်ခုကိုသာ ရယူခွင့်ရှိရမည်။

### ပုဒ်မ (၃၈) ပြည်နယ်သစ်များ

(က) ပြည်ထောင်စုလွှတ်တော်သည် ပြည်နယ်သစ်များဖွဲ့ စည်းရန် တင်ပြလာမှုများအပေါ် ဖွဲ့ စည်းနိုင်သည်။ ထိုသို့ ဖွဲ့ စည်းရေးအတွက် သင့်တော်သည်ဟုယူဆသော သတ်မှတ်ချက် နှင့် စည်းကမ်းချက်များကို ပြဋ္ဌာန်းနိုင်သည်။

(ခ) ပြည်ထောင်စုလွှတ်တော်သည် အဖွဲ့ ဝင်ပြည်နယ်တစ်နယ်၏ နယ်နိမိတ်တိုးချဲ့ ခြင်း၊ လျှော့ချခြင်း သို့ မဟုတ် အခြားနည်းပြောင်းလဲခြင်းတစ်မျိုးမျိုးကို ယင်းပြည်နယ်လွှတ် တော်၏ သဘောတူညီချက်နှင့် ပြည်နယ်အတွင်း မဲဆန္ဒရှင်သုံးပုံနှစ်ပုံ၏ အတည်ပြုချက်တို့ ဖြင့်ကိုပြုလုပ်နိုင် သည်။

(ဂ) သက်ဆိုင်ရာအဖွဲ့ ဝင် ပြည်နယ်လွှတ်တော်များ၏ သဘောတူညီချက်၊ ပြည်နယ်မဲဆန္ဒ ရှင်သုံးပုံနှစ်ပုံ၏ အတည်ပြုချက်တို့ ဖြင့် ပြည်ထောင်စုလွှတ်တော်သည် အဖွဲ့ ဝင်ပြည်နယ် နှစ်ပြည်နယ် သို့ မဟုတ် ထိုထက်များသော ပြည်နယ်များဖြင့်လည်းကောင်း၊ အဖွဲ့ ဝင် ပြည်နယ်နှစ်ပြည်နယ် (သို့ မဟုတ်) ထိုထက်များသောပြည်နယ်များ၏ အစိတ်အပိုင်းများ ဖြင့်လည်းကောင်း၊ ပြည်နယ်တစ်ခုအတွင်းမှ နယ်မြေများဖြင့်လည်းကောင်း ပြည်နယ်သစ် တစ်ပြည်နယ်ကို ဖွဲ့ စည်းနိုင်သည်။

အခန်း (၄)

## ပြည်ထောင်စုလွှတ်တော်

### ပုဒ်မ (၃၉) ဖွဲ့ စည်းမှု

ပြည်ထောင်စုလွှတ်တော်ကို အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့ဖြင့် ဖွဲ့ စည်း သည်။

### ပုဒ်မ (၄၀) အာဏာ

ပြည်ထောင်စု၏အမြင့်ဆုံးဥပဒေပြုအာဏာသည် ပြည်ထောင်စုလွှတ်တော်တွင်တည်သည်။

### ပုဒ်မ (၄၁) လွှတ်တော်နှစ်ရပ်ပေါင်းပူးတွဲအစည်းအဝေး

(က) ပြည်ထောင်စုလွှတ်တော်၏ လွှတ်တော်နှစ်ရပ်ပေါင်းပူးတွဲပုံမှန်အစည်းအဝေးကို တစ် နှစ်လျှင်တစ်ကြိမ် ကျင်းပရမည်။

(ခ) ပြည်ထောင်စုလွှတ်တော်၏ လွှတ်တော်နှစ်ရပ်ပေါင်းပူးတွဲ အထူးအစည်းအဝေးကို အောက်ပါ ကိစ္စရပ်များအလို့ငှါ ခေါ်ယူခွင့်ရှိစေရမည်။

၁။ ဖွဲ့ စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပြင်ဆင်ချက်ကိုအတည်ပြုခြင်း၊

၂။ နိုင်ငံတော်အရေးပေါ်အခြေအနေ ကြေငြာချက်အပေါ် အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊

၃။ ပြည်ပနိုင်ငံတခုအပေါ်စစ်ကြေညာခြင်း၊ စစ်ရပ်စဲခြင်းတို့ ကိုအတည်ပြုခြင်း၊

၄။ ပြည်ထောင်စုသမတကိုအတည်ပြုခန့်အပ်ခြင်း၊ တရားလွှတ်တော်ချုပ်တရားသူကြီးများ ကျမ်းသစ္စာကျိန်ဆိုခြင်း။

(ဂ) လွှတ်တော်တရပ်ရပ်ကအများစု ဆန္ဒမဲဖြင့်တောင်းဆိုလျှင်ဖြစ်စေ၊ ဝန်ကြီးချုပ်က တောင်းဆိုလျှင်ဖြစ်စေ ပြည်ထောင်စုလွှတ်တော်၏ လွှတ်တော်အစည်းအဝေးများကို သမတက ခေါ်ယူကျင်း ပရမည်။

### ပုဒ်မ (၄၂) အစည်းအဝေး အထမြောက်ခြင်း

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(၅၀)ရာနှုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၅၀)ရာနှုန်းတက်ရောက်မှသာ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးအထမြောက်စေရမည်။

### ပုဒ်မ (၄၃) ဆန္ဒမဲပေးခြင်း

ပြည်ထောင်စုလွှတ်တော် အစည်းအဝေးများ၌ ဆုံးဖြတ်ချက်ရယူရာတွင် လွှတ်တော်တစ်ရပ်ခြင်းစီမှ တက်ရောက်သော ကိုယ်စားလှယ်အများစု ဆန္ဒမဲရရှိစေရမည်။

ပုဒ်မ (၄၄) သဘာပတိ

ပြည်ထောင်စုလွှတ်တော်၏ လွှတ်တော်နှစ်ရပ်ပေါင်းပူးတွဲ အစည်းအဝေးများတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌတစ်ဦးဦးသည် အလှည့်ကျ သဘာပတိအဖြစ်ဆောင်ရွက်ရမည်။

ပုဒ်မ (၄၅) လွှတ်တော်နှစ်ရပ်လုံးတွင်ကိုယ်စားလှယ်ဖြစ်ခွင့်မရှိခြင်း

ကိုယ်စားလှယ်တဦးသည် အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်နှစ်ရပ်စလုံးတွင် တပြိုင်နက်တည်း ကိုယ်စားလှယ်မဖြစ်စေရ။

ပုဒ်မ (၄၆) ကင်းလွတ်ခွင့်

(က) ပြည်ထောင်စုလွှတ်တော်၏လွှတ်တော်တရပ်ရပ်တွင် မဲပေးခြင်း၊ ပြောဆိုဆွေးနွေးခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်း စသည်တို့နှင့်စပ်လျဉ်း၍ မည်သည့်လွှတ်တော်ကိုယ်စားလှယ်ကိုမျှ စစ် ဆေးမေးမြန်းခြင်း၊ အရေးယူခြင်း၊ တရားစွဲဆိုခြင်း မပြုရ။

(ခ) ပြစ်မှုကျူးလွန်နေစဉ်တွင် ဖမ်းဆီးအရေးယူခြင်းမှလွဲ၍ မည်သည့်လွှတ်တော်ကိုယ်စားလှယ်ကိုမျှ ပြည်ထောင်စုလွှတ်တော်၏ခွင့်ပြုချက်မရှိပဲ ပြစ်မှုတစ်စုံတရာအတွက်ဖမ်းဆီးခြင်း၊ အရေးယူခြင်းမရှိစေရ။

ပုဒ်မ (၄၇) ထောက်ပံ့ကြေး

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များသည် သင့်တင့်လျောက်ပတ်သည့်လစာကိုပြည်ထောင်စုလွှတ်တော်မှ ဥပဒေဖြင့်သတ်မှတ်ပြဋ္ဌာန်းပေးသည့်အတိုင်း ခံစားပိုင်ခွင့်ရှိစေရမည်။ ထောက်ပံ့ကြေးတိုးမြှင့်ခြင်းသည် နောက်လာမည့်လွှတ်တော်သက်တမ်း၌သာ အကျိုး သက်ရောက်စေရမည်။

## အမျိုးသားလွှတ်တော်

ပုဒ်မ (၄၈) ဖွဲ့ စည်းခြင်း

အမျိုးသားလွှတ်တော်ကို
ပြည်ထောင်စုအဖွဲ့ ဝင်ပြည်နယ်များမှပြည်နယ်တခုလျှင်ကိုယ်စား လှယ် (၄) ဦးကျစီဖြင့် ပါဝင်ဖွဲ့ စည်းရမည်။

## ပုဒ်မ (၄၉) ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအနက်မှ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတစ်ဦးစီကို မိမိတို့အချင်းချင်းညှိနှိုင်း၍ ရွေးချယ်တင်မြှောက်ရမည်။ ဤအမျိုးသားလွှတ်တော်၏ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့သည် ပြည်နယ်တခုတည်းမှမဖြစ်စေရ။

## ပုဒ်မ (၅၀) ကိုယ်စားလှယ်များ၏သက်တမ်း

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏သက်တမ်းကို (၄)နှစ်သတ်မှတ်သည်။ ကိုယ်စားလှယ်ဦးရေ၏ထက်ဝက်ကို (၂) နှစ်တကြိမ်ရွေးချယ်တင်မြှောက်လဲလှယ်သွားရမည်။

## ပုဒ်မ (၅၁) အစည်းဝေးကျင်းပခြင်း၊ ခေါ်ယူခြင်း

(က) ပြည်နယ်နှစ်ခုမှကိုယ်စားလှယ်များကတောင်းဆိုလျှင် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်အစည်းအဝေးခေါ်ယူကျင်းပပေးရမည်။
(ခ) ဝန်ကြီးချုပ်မှတင်ပြတောင်းဆိုလာလျှင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် အမျိုးသားလွှတ်တော်အစည်းအဝေးကိုခေါ်ယူကျင်းပနိုင်သည်။

## ပုဒ်မ (၅၂) အစည်းအဝေးအထမြောက်ခြင်း၊ မဲပေးခြင်း

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ(၃၀)ရာနှုန်း တက်ရောက်လျှင်အမျိုးသားလွှတ်တော်အစည်းအဝေးကျင်းပနိုင်သည်။ သို့ရာတွင်မဲခွဲဆုံးဖြတ်ရန်အတွက်မူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ၏ (၅၀)ရာနှုန်းတက်ရောက်မှသာ အစည်းအဝေးအထမြောက်စေရမည်။ ဆုံး ဖတ်ချက်များချမှတ်ရာတွင်အများစုဆန္ဒမဲရယူရမည်။

## ပုဒ်မ (၅၃) အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ အခွင့်အာဏာ

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် အမျိုးသားလွှတ်တော်အစည်းအဝေးများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ စည်းကမ်းလိုက်နာမှုကို ထိန်းသိမ်းကြီးကြပ်ခွင့်အာဏာရှိစေရ

မည်။ အမျိုးသားလွှတ်တော်ဥပစာအတွင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်မရှိပဲ မည်သူမှရှာဖွေခြင်း၊ ဖမ်းဆီးခြင်း ပြုပိုင်ခွင့်မရှိစေရ။

## ပုဒ်မ (၅၄) ကော်မတီများဖွဲ့ စည်းခြင်း

အမျိုးသားလွှတ်တော်တွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြင့် နိုင်ငံခြားရေးဆိုင်ရာကော်မတီနှင့် ကာကွယ်ရေးဆိုင်ရာကော်မတီတို့ကို ဖွဲ့ စည်းထားရှိရမည်။

# ပြည်သူ့လွှတ်တော်

## ပုဒ်မ (၅၅) ဖွဲ့ စည်းခြင်း

ပြည်သူ့လွှတ်တော်ကို နိုင်ငံသားများက ရွေးချယ်တင်မြှောက်သော ကိုယ်စားလှယ်များဖြင့် ဖွဲ့ စည်းသည်။

## ပုဒ်မ (၅၆) ဥက္ကဋ္ဌ နှင့် ဒုတိယဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌတဦးနှင့်
ဒုတိယဥက္ကဋ္ဌတဦးတို့ကိုပြည်သူ့လွှတ်တော်ကိုယ်စားလှယ် များအနက်မှ မိမိတို့အချင်းချင်း ရွေးချယ်တင်မြှောက်ရမည်။

## ပုဒ်မ (၅၇) ကိုယ်စားလှယ်များ၏သက်တမ်း

ပြည်သူ့လွှတ်တော်၏ပုံမှန်သက်တမ်းကို (၄)နှစ်သတ်မှတ်ရမည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏သက်တမ်းသည် ပြည်သူ့လွှတ်တော်၏ သက်တမ်းနှင့်အညီဖြစ်စေရမည်။

## ပုဒ်မ (၅၈) ကိုယ်စားလှယ်ရွေးချယ်ရေးအခြေခံများ

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို လျှို့ဝှက်၊ တိုက်ရိုက်၊ လွပ်လပ်၍ညီမျှမှုရှိသော၊ အထွေထွေရွေးကောက်ပွဲများဖြင့် ရွေးချယ်တင်မြှောက်ရမည်။

## ပုဒ်မ (၅၉) ကိုယ်စားလှယ်၏အရည်အချင်း

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်အရွေးချယ်ခံမည့်သူသည်–
(က) ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အသက်(၂၅)နှစ်ပြည့်ပြီးသော ပြည်ထောင်စုနိုင်ငံသားဖြစ်ရမည်။
(ခ) ဥပဒေအရနိုင်ငံသားဖြစ်လျှင် နိုင်ငံသားဖြစ်ပြီးနောက် ပြည်ထောင်စုအတွင်း အနည်းဆုံးငါးနှစ်ဆက်တိုက် နေထိုင်ခဲ့ရမည်ဖြစ်ပြီး ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အသက်(၂၅)နှစ် ပြည့်ပြီးသူဖြစ်ရမည်။

### ပုဒ်မ (၆၀) အစည်းအဝေးခေါ်ယူကျင်းပခြင်း

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် အောက်ပါအခြေအနေတစ်ရပ်ရပ်တွင် ပြည်သူ့လွှတ်တော်အထူးနှင့်အရေးပေါ်အစည်းအဝေးများကိုကျင်းပရမည်။

၁။ သမတကညွှန်ကြားခြင်း၊
၂။ ပြည်ထောင်စုအစိုးရဝန်ကြီးချုပ်ကတောင်းဆိုခြင်း၊
၃။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လေးပုံတစ်ပုံကတောင်းဆိုခြင်း

### ပုဒ်မ (၆၁) အစည်းအဝေးအထမြောက်ခြင်း

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရေ (၃၀)ရာနှုန်းကျော်တက်ရောက်လျှင် ပြည်သူ့လွှတ်တော်အစည်းအဝေးကျင်းပနိုင်သည်။ သို့ရာတွင်မဲခွဲဆုံးဖြတ်ရန်အတွက်မူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၅၀)ရာနှုန်းကျော်တက်ရောက်မှသာ အစည်းအဝေးအထမြောက်စေရမည်။ ဆုံးဖြတ်ချက်များချမှတ်ရာတွင် အများစုဆန္ဒမဲရယူရမည်။

### ပုဒ်မ (၆၂) ရွေးကောက်ပွဲကျင်းပခြင်း

ပြည်သူ့လွှတ်တော်သက်တမ်းမကုန်ဆုံးမီ (၃)လအလိုတွင် နောက်သက်တမ်းအတွက် ပြည် သူ့လွှတ်တော် ရွေးကောက်ပွဲကျင်းပရမည်။

### ပုဒ်မ (၆၃) ရွေးကောက်ပွဲကျင်းပပြီးနောက်အစည်းအဝေးကျင်းပခြင်း

ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲကျင်းပပြီးနောက် ရက်ပေါင်း(၃၀)အတွင်း ပြည်သူ့လွှတ်တော် အစည်းအဝေးကျင်းပရမည်။

### ပုဒ်မ (၆၄) ဖျက်သိမ်းခြင်း

(က) ပြည်ထောင်စုသမတသည်ဝန်ကြီးချုပ်၏အကြံပြုချက်အရ ပြည်သူ့လွှတ်တော်ကို ဖျက်သိမ်းရမည်။

(ခ) ပြည်သူ့လွှတ်တော်ကိုဖျက်သိမ်းပြီးနောက်ရက်ပေါင်း(၆၀)အတွင်း ရွေးကောက်ပွဲပြန်လည်ကျင်းပရမည်၊
(ဂ) ပြည်သူ့လွှတ်တော်ကိုဖျက်သိမ်းပြီး ရွေးကောက်ပွဲအသစ်ကျင်းပ၍ နောက်ထပ်ပြည်သူ့လွှတ်တော်အစည်းအဝေးခေါ်ယူကာ အစိုးရတရပ်မဖွဲ့ စည်းနိုင်မီကာလတွင် နိုင်ငံတော် ကိုစီမံအုပ်ချုပ်ရန် ပြည်ထောင်စုသမ္မတသည် ကြားဖြတ်အစိုးရတစ်ရပ်ကို ဖွဲ့ စည်းပေးရ မည်။

## ပုဒ်မ (၆၅) ပြည်သူ့လွှတ်တော်ဥက္ကဌ၏အခွင့်အာဏာ

ပြည်သူ့လွှတ်တော်ဥက္ကဌသည် ပြည်သူ့လွှတ်တော်အစည်းအဝေးများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏စည်းကမ်းလိုက်နာမှုကိုထိမ်းသိမ်းကြီးကြပ်ခွင့်အာဏာရှိစေရမည်။ ပြည်သူ့လွှတ်တော်ဥပစာအတွင်း ပြည်သူ့လွှတ်တော်ဥက္ကဌ၏ ခွင့်ပြုချက်မရပဲ မည်သူမျှရှာဖွေခြင်း၊ ဖမ်းဆီး ခြင်းပြုပိုင် ခွင့်မရှိစေရ။

## ပုဒ်မ (၆၆) စုံစမ်းရေးကော်မီရှင်

ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်လေးပုံတစ်ပုံက တောင်းဆိုလျှင်ပြည်သူ့လွှတ်တော်သည် စုံစမ်ရေးကော်မရှင်ကိုဖွဲ့ စည်းရမည်။ ၎င်းကော်မရှင်၏ဖွဲ့ စည်းပုံနှင့်လုပ်ပိုင်ခွင့်များကို ပြည် ထောင်စုလွှတ်တော်က ဥပဒေဖြင့်သတ်မှတ်ပြဌာန်းရမည်။

# အခန်း(၅)
# ဥပဒေပြုခြင်း

## ပုဒ်မ (၆၇) ဥပဒေကြမ်းများတင်သွင်းခြင်း

(က) ဥပဒေကြမ်းများကို ပြည်ထောင်စုအစိုးရကသော်လည်းကောင်း၊ လွှတ်တော်တစ်ရပ်ရပ်၏ကိုယ်စားလှယ်များကသော်လည်းကောင်း တင်သွင်းရမည်၊
(ခ) ပြည်ထောင်စုရ၊ သုံးခန့်မှန်းခြေငွေဥပဒေကြမ်းနှင့် အခွန်ဥပဒေကြမ်းများကို ပြည်သူ့ လွှတ်တော်၌သာ စတင်တင်သွင်းရမည်၊

(ဂ)သဘာဝသယံဇာတနှင့်စပ်လျဉ်းသောဥပဒေကြမ်းများကို အမျိုးသားလွှတ်တော်၌ သာ စတင်တင်သွင်းရမည်၊

## ပုဒ်မ (၆၈) ဥပဒေကြမ်းများဥပဒေဖြစ်ခြင်း

(က) ပြည်ထောင်စုရ၊ သုံးခန့်မှန်းခြေငွေဥပဒေကြမ်းမှအပ ပြည်သူ့လွှတ်တော်တွင် စတင်တင်သွင်းသော ဥပဒေကြမ်းအားလုံးသည် အဆိုပါလွှတ်တော်တွင်အများစုဆန္ဒမဲရရှိပြီး နောက်အမျိုးသားလွှတ်တော်သို့ ဆက်လက်တင်သွင်းသောအခါ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေအများစု၏ ဆန္ဒမဲရရှိမှသာလျှင် ထိုဥပဒေကြမ်းသည် ဥပဒေဖြစ်စေရမည်၊

(ခ) အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းသောဥပဒေကြမ်းသည် အဆိုပါလွှတ်တော်တွင် အများစုဆန္ဒမဲရရှိပြီးနောက် ပြည်သူ့လွှတ်တော်သို့ဆက်လက်တင်သွင်းသောအခါ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေအများစု၏ ဆန္ဒမဲရရှိမှသာလျှင် ထိုဥပဒေကြမ်းသည်ဥပဒေဖြစ်စေ ရမည်။

## ပုဒ်မ (၆၉) ပြည်ထောင်စုနှစ်စဉ်ရ၊ သုံးခန့်မှန်းခြေငွေဥပဒေကြမ်းအတည်ဖြစ်ခြင်း

ပြည်ထောင်စုနှစ်စဉ်ရ၊ သုံးခန့်မှန်းခြေငွေဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် စတင်တင်သွင်းရမည်။ ထိုဥပဒေကြမ်းကို ပြည်သူ့ လွှတ်တော်တွင်အတည်ပြုပြီးပါက အမျိုးသားလွှတ်တော်သို့တင်ပို့ရမည်။ (၁၄) ရက်အတွင်း အမျိုးသားလွှတ်တော်တွင် အတည်ပြုလျှင် ဥပဒေဖြစ်စေရမည်။ အမျိုးသားလွှတ်တော်မှ အတည်ပြုရန်ပျက်ကွက်လျှင် ပြည်သူ့ လွှတ်တော်သည် ကိုယ်စားလှယ်ဦးရေအများစုဆန္ဒမဲဖြင့် ထပ်မံအတည်ပြုပါက ဥပဒေ ဖြစ်စေရမည်။

## ပုဒ်မ (၇၀) ပူးတွဲညှိနှိုင်းရေးကော်မတီ

(က) လွှတ်တော်တစ်ရပ်ရပ်ကအတည်ပြုပြီးသော ဥပဒေကြမ်းတခုလုံးကိုဖြစ်စေ၊ တစ်စိတ် တစ်ပိုင်းကိုဖြစ်စေ၊ အခြားလွှတ်တော်မှအတည်ပြုနိုင်ခြင်းမရှိလျှင် ပူးတွဲညှိနှိုင်းရေးကော်မ တီဖွဲ့ စည်း၍ ထိုဥပဒေကြမ်းကိုညှိနှိုင်းမပြုရန် လွှတ်တော်တစ်ရပ်ရပ်ကဖြစ်စေ၊ ပြည်ထောင် စုအစိုးရကဖြစ်စေတောင်းဆိုနိုင်သည်။

(ခ) ပူးတွဲညှိနှိုင်းရေးကော်မတီကို လွှတ်တော်နှစ်ရပ်မှ တူညီသောကိုယ်စားလှယ်များဖြင့် ဖွဲ့ စည်းရမည်။

(ဂ) ပူးတွဲညှိနှိုင်းရေးကော်မတီသည် သက်ဆိုင်ရာလုပ်ငန်းပြီးဆုံးသည်နှင့် ဖျက်သိမ်းပြီးဖြစ်စေရမည်။

(ဃ) ပူးတွဲညှိနှိုင်းရေးကော်မတီတွင် ညှိနှိုင်းသော်လည်း၊ သဘောတူညီမှုမရရှိပါက အဆိုပါဥပဒေကြမ်းသည် ဥပဒေဖြစ်ရန်အခွင့်အလမ်းမရှိသောဥပဒေကြမ်းဖြစ်စေရမည်။

(င) ပူးတွဲညှိနှိုင်းရေးကော်မတီတွင် သဘောတူညီမှုရရှိသော်လည်း ပြင်ဆင်မှုရှိလျှင် သော်လည်းကောင်း၊ ပြောင်းလဲမှုရှိလျှင်သော်၎င်း ထိုဥပဒေကြမ်းစတင်သောလွှတ်တော်သို့ ပြန်လည်ပေးပို့ရမည်။ ယင်းလွှတ်တော်ကအတည်ပြုပြီးနောက် အခြားလွှတ်တော်သို့ပေးပို့ရာ၌ ထိုလွှတ်တော်က ဆက်လက်အတည်ပြုလျှင် ဥပဒေဖြစ်စေရမည်။
(စ) အထက်ပုဒ်မခွဲ(င)အရပေးပို့သော်လည်း ပုဒ်မ(၆၈) ပြဌာန်းချက်ပါလုပ်ထုံးလုပ်နည်းအတိုင်း အတည်မပြုနိုင်သောဥပဒေကြမ်းသည် ဥပဒေဖြစ်ရန်အခွင့်အလမ်းမရှိသော ဥပဒေကြမ်းဖြစ်စေရမည်။

## ပုဒ်မ (၇၁) ဥပဒေဖြစ်ရန်အခွင့်အလမ်းမရှိသော ဥပဒေကြမ်း

ဥပဒေဖြစ်ရန်အခွင့်အလမ်းမရှိသော ဥပဒေကြမ်းတစ်ခုကို ပယ်ချသည့်နေ့မှစ၍ နှစ်နှစ်အတွင်းမည်သည့်လွှတ်တော်တွင်မှ ထပ်မံတင်သွင်းခြင်းမရှိစေရ။

## ပုဒ်မ (၇၂) ထုတ်ပြန်ကြေငြာခြင်း၊ အာဏာတည်ခြင်း

ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပြီးသောဥပဒေကြမ်းတိုင်းကို ပြည်ထောင်စုသမတ က (၇)ရက်အတွင်း လက်မှတ်ရေးထိုးထုတ်ပြန်ကြေညာရမည်။ (၇)ရက်ကျော်လွန်လျှင် သမတက လက်မှတ် ရေးထိုးခြင်းမရှိသော်လည်း အာဏာတည်စေရမည်။

## ပုဒ်မ (၇၃) ပြည်ထောင်စုလွှတ်တော်၏သီးသန့် ဥပဒေပြုအာဏာအညွှန်း

ပြည်ထောင်စုလွှတ်တော်သည်အောက်စာရင်းပါကိစ္စများအလို့ငှါသီးသန့် ဥပဒေပြုအာဏာရှိစေရမည်။

၁။ နိုင်ငံခြားရေး
၂။ ပြည်ထောင်စုကာကွယ်ရေး
၃။ ဒေသဆိုင်ရာအသံလွှင့်နှင့်ရုပ်မြင်သံကြားလုပ်ငန်းများမှအပစာတိုက်နှင့်ကြေးနန်းဆက်သွယ်ရေး
၄။ ငွေစက္ကူ၊ ငွေဒင်္ဂါးထုတ်လုပ်ခြင်း၊ ဖြန့်ဝေခြင်း
၅။ အလေးချိန်နှင့် ခြင်တွယ်တိုင်းတာခြင်း
၆။ ပြည်ထောင်စု၏ နှစ်စဉ်ရသုံး ခန့်မှန်းခြေငွေစာရင်း
၇။ ပြည်ထောင်စုကားလမ်း၊ ပြည်ထောင်စုရထားလမ်း၊ ပြည်ထောင်စုရေကြောင်းလမ်းများ၊ ပင်လယ်ရေကြောင်းနှင့် လေကြောင်းလုပ်ငန်းများ
၈။ ဘွဲ့ လွှန်ပညာရေးဆိုင်ရာပြဌာန်းချက်များ
၉။ နိုင်ငံတကာနှင့် ကုန်သွယ်ရေးဆိုင်ရာပြဌာန်းချက်များ
၁၀။ နိုင်ငံသားဖြစ်ခြင်းနှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ပြဌာန်းချက်များ
၁၁။ ပြည်ထောင်စုရဲတပ်ဖွဲ့

၁၂။ နိုင်ငံတော်အရေးပေါ်အခြေအနေ
၁၃။ လူဦးရေသန်းခေါင်စာရင်းကောက်ခံခြင်း
၁၄။ လက်နက်နှင့်ပေါက်ကွဲစေတတ်သော ခဲယမ်းမီးကျောက်များ ထုတ်လုပ်ခြင်း၊ ရောင်း ချခြင်း၊ တင်သွင်းခြင်း၊ တင်ပို့ ခြင်း
၁၅။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရွေးချယ်တင်မြှောက်ခြင်း
၁၆။ ကူးယူဖြန့်ချိခွင့်၊ နည်းပညာမူပိုင်ခွင့်၊ ဒီဇိုင်းနှင့်တံဆိပ်အမှတ်အသားဆိုင်ရာ ပြဋ္ဌာန်းချက်များ
၁၇။ ခရေ့ထုံးတမ်းကွဲပြားခြားနားသူများအကြား လက်ထပ်ထိမ်းမြားခြင်း၊ လင်မယားကွာရှင်းခြင်းနှင့်အမွေဆက်ခံ ခြင်းဆိုင်ရာပြဋ္ဌာန်းချက်များ
၁၈။ အကောက်ခွန်၊ သွင်းကုန်ထုတ်ကုန် အခွန်ကောက်ခံခြင်းဆိုင်ရာ ပြဋ္ဌာန်း ချက်များ

## ပုဒ်မ (၇၄) ထပ်တူဥပဒေပြုအာဏာအညွှန်း

ပြည်ထောင်စုလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်အသီးသီးတို့သည် အောက်စာရင်းပါ ကိစ္စများတွင် မိမိတို့လွှတ်တော်တခုချင်းစီအလိုက်ထပ်တူဥပဒေပြုပိုင်ခွင့်အာဏာရှိစေရမည်။

၁။ ပြည်ထောင်စုအတွင်း ရောင်းဝယ်ခွန်၊ စီးပွါးရေးလုပ်ငန်းခွန်၊ အမြတ်ခွန်၊ ယစ်မျိုးခွန်၊ ဆိပ်ကမ်းခွန်ဆိုင်ရာကိစ္စရပ်များ
၂။ သဘာဝပတ်ဝန်းကျင်ထိမ်းသိမ်းရေး
၃။ မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများ
၄။ ဖွါး၊သေစာရင်း မှတ်ပုံတင်ခြင်း
၅။ ပြည်ထောင်စုအဖွဲ့ ဝင်ပြည်နယ်တစ်ခုအတွင်း၌ ကျရောက်သည့်ပြည်ထောင်စု ၏ စွမ်း အင်စီမံကိန်းလုပ်ငန်းများ၊ ဖွံ့ ဖြိုးရေးစီမံကိန်းကြီးများ
၆။ ပြည်ထောင်စုအဖွဲ့ ဝင်ပြည်နယ်တခုအတွင်း မြေပေါ်မြေအောက် သယံဇာတ တူးဖေါ်ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း
၇။ နိုင်ငံခြားအစိုးရများနှင့် ကုမ္ပဏီများမှပြည်ထောင်စုအဖွဲ့ ဝင်ပြည်နယ်များသို့ ရင်းနှီးမြှုပ်နှံခြင်းဆိုင်ရာကိစ္စရပ်များ
၈။ ဒေသဆိုင်ရာ ရေဒီယိုနှင့်ရုပ်မြင်သံကြားလုပ်ငန်းများ
၉။ ဘဏ်လုပ်ငန်းများ
၁၀။ နေအိမ်၊ ဥပစာ၊ မြေယာပိုင်ဆိုင်မှုလွှဲပြောင်းခြင်းဆိုင်ရာကိစ္စများ
၁၁။ တက္ကသိုလ်နှင့် အသက်မွေးဝမ်းကြောင်းပညာရေးဆိုင်ရာပြဋ္ဌာန်းချက်များ
၁၂။ ပြည်ထောင်စုအဖွဲ့ ဝင်ပြည်နယ် တစ်နယ်မှတစ်နယ်သို့ဖြတ်သန်းစီးဆင်းလျက်ရှိသော မြစ်များနှင့်ရေကြောင်းဆိုင်ရာစည်းမျဉ်းသတ်မှတ်ချက်များ၊ ပြည်

တွင်းပင်လယ်ရေကြောင်းနှင့် ကမ်းရိုးတမ်းသယ်ယူပို့ ဆောင်ရေးဆိုင်ရာ စည်း မျဉ်းသတ်မှတ်ချက်များ
၁၃။ ဒုက္ခသည်ရေးရာနှင့် နိုင်ငံရေးခိုလှုံခွင့်
၁၄။ ရာဇဝတ်မှုဥပဒေနှင့် တရားမကျင့်ထုံးဥပဒေများ
၁၅။ ပြည်သူ့ ဝန်ထမ်းများအတွက် ပညာရေးနှင့်သက်မွေးဝမ်းေြကာင်းသင်တန်း များ

## ပုဒ်မ (၇၅) ထပ်တူဥပဒေပြုအာဏာအညွှန်းအရပြည်ထောင်စုကဥပဒေပြုခြင်း

ထပ်တူဥပဒေပြုအာဏာအညွှန်းရှိ ပြဋ္ဌာန်းချက်တရပ်ရပ်နှင့်စပ်လျဉ်း၍ ပြည်နယ်တစ်ခုခုက ဥပဒေပြုခဲ့သော် အခြားပြည်နယ်တစ်ခုခု သို့မဟုတ် အခြားပြည်နယ်သားတို့၏ အကျိုးစီးပွါး ကိုထိခိုက်နိုင်ခြင်း၊ သို့မဟုတ် ပြည်ထောင်စုတဝှမ်းလုံး၏ အကျိုးစီးပွါးကို ထိခိုက်စေနိုင်ခြင်း ဖြစ်လျှင် ပြည်ထောင်စုက ဥပဒေပြုရမည်။

## ပုဒ်မ (၇၆) ပူးတွဲသဘောတူညီမှုရယူခြင်း

သဘာဝသယံဇာတတူးဖေါ်ထုတ်လုပ်ခြင်းနှင့်ရောင်းချခြင်း၊ နိုင်ငံခြားရင်းနှီးမြှပ်နှံခြင်း၊ စွမ်းအင်ထုတ်လုပ်ခြင်းတို့အတွက် ပြည်ထောင်စုလွှတ်တော်ကဥပဒေပြုမည်ဆိုလျှင် သက်ဆိုင်သော ပြည်နယ်လွှတ်တော်များကသော်လည်းကောင်း၊ ပြည်နယ်ကဥပဒေပြုမည်ဆိုလျှင် ပြည်ထောင်စုလွှတ်တော်ကသော်လည်းကောင်း သဘောတူညီပြီးမှ ထိုဥပဒေအာဏာ တည်စေရမည်။

## ပုဒ်မ (၇၇) ပြည်နယ်များ၏ဥပဒေပြုအာဏာ

ဤဖွဲ့ စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ဖယ်ဒရယ်ကွန်ဂရက်ဥပဒေပြု အာဏာအညွှန်း များတွင်အတိအလင်းပြဋ္ဌာန်း သတ်မှတ်ခြင်းမရှိသော ကိစ္စများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပြည် နယ်များ၌ ဥပဒေပြုပိုင်ခွင့်ရှိစေရမည်။

## ပုဒ်မ (၇၈) ဖက်ဒရယ်ပြည်ထောင်စု ဥပဒေကလွှမ်းမိုးခြင်း

ဖက်ဒရယ် ပြည်ထောင်စုဥပဒေက ပြည်နယ်ဥပဒေအပေါ်လွှမ်းမိုးစေရမည်။

## အခန်း (၆)
# ပြည်ထောင်စုသမတ

### ပုဒ်မ (၇၉) နိုင်ငံတော်ဦးသျှောင်

ပြည်ထောင်စုသမတသည် နိုင်ငံတော်၏ဦးသျှောင်ဖြစ်သည်။

### ပုဒ်မ (၈၀) အရည်အချင်း

(က) ပြည်ထောင်စုသမတ သို့ မဟုတ် ဒုတိယသမတ အဖြစ်ရွေးချယ်တင်မြှောက်ခံမည့်သူ သည် အောက်ပါအရည် အချင်း များနှင့်ပြည့်စုံရမည်။

၁။ ပြည်ထောင်စုနိုင်ငံသားဖြစ်ရမည်၊

၂။ ပြည်ထောင်စုနိုင်ငံသား မိဘနှစ်ပါးမှမွေးဖွါးသူဖြစ်ရမည်၊

၃။ ဖယ်ဒရယ်ပြည်ထောင်စုအတွင်း (၁၀) နှစ်ထက်မနည်း ဆက်တိုက်နေထိုင်ခဲ့သူဖြစ်ရမည်၊

၄။ သမတလောင်းအဖြစ်အမည်စာရင်းတင်သွင်းသောနေ့တွင် အသက် (၃၅) နှစ်ပြည့်ပြီးဖြစ်ရမည်။

(ခ) ပြည်ထောင်စုသမတနှင့် ဒုတိယသမတသည် ပြည်ထောင်စု သို့ မဟုတ် ပြည်နယ်အ စိုးရတစ်ရပ်ရပ်၏အဖွဲ့ ဝင်သော်လည်းကောင်း၊ လွှတ်တော်တစ်ရပ်ရပ်၏ ကိုယ်စားလှယ် သော်လည်းကောင်းမဖြစ်စေရ။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦး သို့ မဟုတ် ပြည်နယ် အစိုးရအဖွဲ့ ဝင်တစ်ဦးဦးသည် သမတအဖြစ်ရွေးချယ်တင်မြှောက်ခံရပါက သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ် သို့ မ ဟုတ် အစိုးရအဖွဲ့ ဝင်အဖြစ်မှနုတ်ထွက်ပြီးဖြစ်စေရမည်။

### ပုဒ်မ (၈၁) ချယ်ပုံစနစ်

(က) ပြည်နယ်လွှတ်တော်အသီးသီးမှပေးပို့ သော သမတလောင်းများအနက်မှ သမတတစ်ဦးနှင့် ဒုတိယသမတတစ်ဦးကို အမျိုးသားလွှတ်တော်မှ ရွေးချယ်တင်မြှောက်ရမည်။

(ခ) ပြည်နယ်တစ်ခုမှ ပြည်ထောင်စုသမတအဖြစ် အရွေးချယ်ခံခဲ့ရပါက နောက်ထပ်သက်တမ်းသုံးကြိမ်အတွင်း အဆိုပါပြည်နယ်မှထပ်မံရွေးချယ်ခံခြင်းမရှိစေရ။ ဤသက်တမ်းရေတွက်မှုတွင် ဒုတိယသမတ သက်တမ်းကာလအကြုံးမဝင်စေရ။

(ဂ) ပြည်ထောင်စုဥပဒေဖြင့် အသေးစိတ်အချက်အလက်များကို ပြဌာန်းရမည်။

## ပုဒ်မ (၈၂) သက်တမ်း

ပြည်ထောင်စုသမတ၏သက်တမ်းသည် တာဝန်စတင်ထမ်းဆောင်သည့်နေ့ မှ (၄)နှစ်ဖြစ် စေရမည်။

## ပုဒ်မ (၈၃) တာဝန်များ

(က) ပြည်ထောင်စုသမတသည် ပြည်ထောင်စုကာကွယ်ရေးတပ်များ၏ စစ်သေနာပတိချုပ်ဖြစ်စေရမည်။
(ခ) ပြည်ထောင်စုသမတသည် ပြည်ထောင်စုအစိုးရနှင့်ညှိနှိုင်း၍ သဘောတူညီချက်ကိုရယူပြီး ပြည်ပနိုင်ငံတခုခုကို စစ်ကြေညာခြင်း၊ စစ်ရပ်စဲခြင်းများ ပြုလုပ်ပိုင်ခွင့်ရှိသည်။
(ဂ) ပြည်ထောင်စုသမတသည် လွတ်ငြိမ်းချမ်းသာခွင့်ပေးပိုင်ခွင့်ရှိသည်။

## ပုဒ်မ (၈၄) ပြည်ထောင်စုသမတကိုအရေးယူခြင်း

(က) ပြည်ထောင်စုသမတသည်
၁။ ပြည်ထောင်စု၏ ကျေးဇူးသစ္စာကိုဖေါက်ဖျက်ခြင်း၊
၂။ ဤဖွဲ့ စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ဖေါက်ဖျက်ကျူးလွန်ခြင်း၊
၃။ အကျင့်သိက္ခာလွန်ကဲစွာပျက်ပြားခြင်း–
တစုံတရာတွေ့ ရှိပါက လွှတ်တော်တစ်ရပ်ရပ်မှ အနည်းဆုံးကိုယ်စားလှယ်သုံး ပုံတပုံ၏ တောင်းဆို ချက်အရ သမတကိုစုံစမ်းစစ်ဆေးခြင်းပြု နိုင်သည်။
(ခ) လွှတ်တော်နှစ်ရပ်မှအရေးအတွက်တူညီသောကိုယ်စားလှယ်များဖြင့် ဖွဲ့ စည်းထားသည့်ပူးတွဲကော်မတီဖြင့်စုံစမ်းစစ်ဆေးရမည်၊ စုံစမ်းစစ်ဆေးတွေ့ ရှိချက်များကို ပြည်ထောင် စုလွှတ် တော်သို့ တင်ပြရမည်။
(ဂ) ပြည်ထောင်စုလွှတ်တော်ကအရေးယူသင့်သည်ဟုယူဆလျှင် ပြည်ထောင်စုလွှတ်တော်သဘာပတိသည် ပြည်ထောင်စုသမတအား ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် တရား စွဲဆိုတင်ပို့ရမည်။
(ဃ) ပြည်ထောင်စုသမတတွင်အပြစ်ရှိကြောင်း တရားလွှတ်တော်ချုပ်မှဆုံးဖြတ်လျှင် သမ တကို ရာထူးမှထုတ်ပယ်ရမည်။
(င) ဤပုဒ်မပါပြဋ္ဌာန်းချက်များသည် ဒုတိယသမတနှင့်လည်း သက်ဆိုင်စေရမည်။

## ပုဒ်မ (၈၅) အစားထိုးရွေးချယ်တင်မြှောက်ခြင်း

ပြည်ထောင်စုသမတကွယ်လွန်လျှင်ဖြစ်စေ၊ ၎င်း၏တာဝန်ကို ဆက်လက်ထမ်းဆောင်နိုင်စွမ်း မရှိတော့လျှင်ဖြစ်စေ၊ ပုဒ်မ(၈၄)အရရာထူးမှဖယ်ရှားခံရလျှင်ဖြစ်စေ၊ လစ်လပ်သွားသော နေရာအတွက် အောက်ပါအတိုင်းအစားထိုးရွေးချယ်တင်မြှောက်ရမည်။

(က) ပြည်ထောင်စုသမတ၏မူလသက်တမ်းကုန်ဆုံးသည်အထိ ဒုတိယသမတသည် ပြည် ထောင်စုသမတတာဝန်ကို ဆက်လက်ထမ်းဆောင်ရမည်။

(ခ) လစ်လပ်သွားသောဒုတိယသမတနေရာတွင် အမျိုးသားလွှတ်တော်ဥက္ကဌသည် ဒုတိ ယသမတအဖြစ် တာဝန်ယူရမည်။

(ဂ) ပြည်ထောင်စုသမတ၏ပုံမှန်သက်တမ်းကာလအတွင်း သမတနေရာလစ်လပ်မှု ထပ်မံ ဖြစ်ပွါးပါက ရွေးကောက်ပွဲအသစ်ကို ပုဒ်မ(၈၁) ပြဌာန်းချက်များအတိုင်းပြုလုပ်ရမည်။

## ပုဒ်မ (၈၆) ကင်းလွတ်ခွင့်

သမတတာဝန်ထမ်းဆောင်နေစဉ်ကာလအတွင်း ပြည်ထောင်စုသမတ၏တာဝန်အရ ပြုလုပ် မှုတစ်ခုခု သို့မဟုတ်ပျက်ကွက်မှု တစ်ခုခုအပေါ်ရာဇဝတ်ကြောင်းအရဖြစ်စေ၊ တရားမ ကြောင်းအရဖြစ်စေမည်သူတစ်ဦးတစ်ယောက်ကမျှ ပြည်ထောင်စုသမတအ ပေါ်တရားစွဲ ဆိုခြင်းမပြုရ။

## ပုဒ်မ (၈၇) တားမြစ်ခြင်း

ပြည်ထောင်စုသမတနှင့် ဒုတိယသမတတို့ သည် လစာပေးသောအခြားလုပ်ငန်းတစ်ခုခု တွင်သော်လည်းကောင်း၊ အမြတ်အစွန်းကိုအခြေခံသည့်လုပ်ငန်းတစ်ခုခု၏ စီမံခန့်ခွဲရေး အဖွဲ့ တွင်သော်လည်းကောင်း ပါဝင်လုပ်ကိုင်ခြင်းမပြုရ။

# အခန်း(၇)
# ပြည်ထောင်စုအစိုးရ

## ပုဒ်မ (၈၈) ဖွဲ့ စည်းခြင်း

(က) ပြည်ထောင်စုဝန်ကြီးချုပ်ဦးဆောင်သော ဝန်ကြီးအဖွဲ့ ဖြင့် ပြည်ထောင်စုအစိုးရကို ဖွဲ့ စည်းရမည်။

(ခ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူသည် အစိုးရအဖွဲ့ ဝင်ဝန်ကြီးများအဖြစ် တာဝန် ထမ်းဆောင်ခွင့်မရှိစေရ။
(ဂ) ပြည်ထောင်စုအစိုးရသည် ပြည်သူ့လွှတ်တော်အား အဖွဲ့ လိုက်စုပေါင်းတာဝန်ခံရမည်။

## ပုဒ်မ (၈၉) သက်တမ်း

ပြည်ထောင်စုအစိုးရ၏သက်တမ်းသည် ပြည်သူ့လွှတ်တော်၏ သက်တမ်းနှင့်အညီ (၄)နှစ်ဖြစ်သည်။

## ပုဒ်မ (၉၀) ဝန်ကြီးချုပ်

(က) ပြည်ထောင်စုသမတသည် ပြည်သူ့လွှတ်တော်မှ ရွေးကောက်တင်မြှောက်သောပုဂ္ဂိုလ်အား ပြည်ထောင်စုဝန်ကြီးချုပ်အဖြစ်ခန့်အပ်ရမည်၊
(ခ) ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်အများစု၏ ထောက်ခံမဲရရှိသူကို ရွေးချယ်ခံရသော သူဖြစ်သည်၊
(ဂ) (၁၄)ရက်အတွင်း မည်သူမှ အများစုမဲဖြင့် ရွေးချယ်ခြင်းမခံရလျှင် မဲအရေအတွက်အများဆုံး ရရှိသူသည် ရွေးချယ်ခံရသူဖြစ်သည်၊
(ဃ) ပြည်ထောင်စုဝန်ကြီးချုပ်မှအဆိုပြုလျှင် ဒုတိယဝန်ကြီးချုပ်နှင့် ဝန်ကြီးများကိုပြည်ထောင်စုသမတက ခန့် အပ်ခြင်း သို့ မဟုတ် ရာထူးမှဖယ်ရှားခြင်း ပြုလုပ်ရမည်၊
(င) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် ဝန်ကြီးချုပ်အဖြစ်သက်တမ်းနှစ်ကြိမ်ထက်ပို၍ တာဝန်ထမ်းဆောင်ခွင့်မရှိစေရ။
(စ) ပြည်ထောင်စုသမတကတောင်းဆိုလျှင် ဝန်ကြီးချုပ်နှင့် ဝန်ကြီးများသည် ၎င်းတို့ အား ဆက်ခံမည့်သူရွေးချယ်ပြီးသည်အထိ ဆက်လက်တာဝန်ထမ်းဆောင်ရမည်။

## ပုဒ်မ (၉၁) ဒုတိယဝန်ကြီးချုပ်

ပြည်ထောင်စုဝန်ကြီးချုပ်က ၎င်း၏တာဝန်များကို ထမ်းဆောင်ရန် မစွမ်းဆောင်နိုင်လျှင်ဖြစ်စေ၊ ပြည်ထောင်စုဝန်ကြီးချုပ်၏ခွင့်ပြုချက်ဖြင့်ဖြစ်စေ၊ ပြည်ထောင်စုဝန်ကြီးချုပ်ကိုယ်စားဒုတိယ ဝန်ကြီးချုပ်သည် တာဝန်ယူဆောင်ရွက်ခွင့် ရှိသည်။

## ပုဒ်မ (၉၂) အစားထိုးရွေးချယ်ခန့်အပ်ခြင်း

ပြည်ထောင်စုဝန်ကြီးချုပ်ရာထူးလစ်လပ်ခဲ့လျှင် ဤအခြေခံဥပဒေပုဒ်မ(၉၀)နှင့်အညီ ပြန်လည်အစားထိုးရွေးချယ် ခန့် အပ်ခြင်းပြုရမည်။

## ပုဒ်မ (၉၃) အယုံအကြည်မရှိအဆို

(က) ပြည်ထောင်စုအစိုးရ ဖွဲ့ စည်းတာဝန်ယူပြီးနောက် (၁၈)လအတွင်း အစိုးရအဖွဲ့ အ ပေါ် အယုံအကြည်မရှိ အဆိုတင်သွင်းပိုင်ခွင့်မရှိစေရ၊
(ခ)ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံး၏ အများစုဆန္ဒမဲဖြင့် ပြည်ထောင်စုဝန်ကြီးချုပ်ရာထူးဆက်ခံမည့်သူအား ရွေးချယ်တင်မြှောက်ခြင်းဖြင့်သာ အစိုးရအဖွဲ့ အပေါ်အယုံ အကြည် မရှိအဆိုကိုဖေါ်ပြနိုင်စေရမည်။
(ဂ) ဝန်ကြီးချုပ်ရာထူးဆက်ခံမည့်သူအားရွေးကောက်ပြီးနောက် (၄၈)နာရီကျော်လွန်ပြီးမှသာအယုံအကြည်မရှိအဆိုကိုမဲခွဲဆုံးဖြတ်ရမည်။ အယုံအကြည်မရှိအဆိုကိုကိုယ်စားလှယ် အားလုံး၏ အများစုဆန္ဒမဲဖြင့်အတည်ပြုလျှင်အစိုးရတဖွဲ့ လုံးနှုတ်ထွက်ပေးရမည်။
(ဃ) ပုဒ်မခွဲ (ခ) အရရွေးချယ်ခြင်းခံရသူအား ပြည်ထောင်စုသမတက ပြည်ထောင်စုဝန်ကြီးချုပ်အဖြစ်ခန့် အပ်ရမည်။

## ပုဒ်မ (၉၄) အစိုးရအဖွဲ့ ၏တာဝန်

ဖက်ဒရယ်ပြည်ထောင်စုဝန်ကြီးချုပ်သည် ပြည်ထောင်စုအစိုးရအတွက် လမ်းညွှန်မူဝါဒများကို ချမှတ်ပေးရမည်။ ထိုလမ်းညွှန်မူဝါဒဘောင်အတွင်း ဝန်ကြီးများသည် ဝန်ကြီးဌာနများကို တာဝန် ခံဆောင်ရွက်ရမည်။

## ပုဒ်မ (၉၅) ဝန်ကြီးဌာနများ

ပြည်ထောင်စုအစိုးရအောက်တွင် အောက်ပါဝန်ကြီးဌာနများကို လိုအပ်ချက်နှင့်အညီဖွဲ့ စည်းရမည်။

၁။ နိုင်ငံခြားရေးဝန်ကြီးဌာန
၂။ ကာကွယ်ရေးဝန်ကြီးဌာန
၃။ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန
၄။ ဘဏ္ဍာရေးဝန်ကြီးဌာန
၅။ ပြည်ထဲရေးဝန်ကြီးဌာန
၆။ တရားရေးဝန်ကြီးဌာန
၇။ စွမ်းအင်နှင့်ဓါတ်သတ္တုဝန်ကြီးဌာန
၈။ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုဝန်ကြီးဌာန

၉။ လယ်ယာ၊ သစ်တော၊ သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာန
၁၀။ ပြန်ကြားရေးဝန်ကြီးဌာန
( )။-----------
( )။-----------

အခန်း (၈)

## ပြည်ထောင်စုတရားရေး

### ပုဒ်မ (၉၆) တရားရုံးများဖွဲ့ စည်းခြင်း

(က) ပြည်ထောင်စုတရားစီရင်ရေးအာဏာကိုကျင့်သုံးရန်အတွက် ပြည်ထောင်စုတရားရုံး များ ဖွဲ့ စည်းထားရှိရမည်။
(ခ) ပြည်ထောင်စုတရားရုံးများဖွဲ့ စည်းခြင်းနှင့် လုပ်ထုံးလုပ်နည်းများအတွက် ပြည်ထောင် စုလွှတ်တော်က ဥပဒေပြဋ္ဌာန်းရမည်။

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### ပုဒ်မ (၉၇) ဖွဲ့ စည်းပုံ

(က) ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကိုတရားသူကြီး (၉)ဦးဖြင့် ဖွဲ့ စည်းရမည်။
(ခ) ပြည်ထောင်စုဝန်ကြီးချုပ်ကအမည်စာရင်းတင်သွင်းသူများကို ပြည်ထောင်စုလွှတ် တော်၏ အတည်ပြုချက်ဖြင့် သမတက တရားသူကြီးများအဖြစ်ခန့်အပ်ရမည်။
(ဂ) ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးအဖြစ် မည်သည့်လွှတ်တော်၏ ကိုယ်စားလှယ်ကိုမျှ အမည်စာရင်းတင်သွင်းခြင်းမပြုရ။
(ဃ) ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအနက်တစ်ဦးကို တရားသူ ကြီးချုပ်အဖြစ် မိမိတို့အချင်းချင်းထဲမှရွေးချယ်ပြီး သမတကခန့်အပ်ရမည်။

### ပုဒ်မ (၉၈) ရုံးထိုင်ရာနေရာ

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စု၏မြို့ တော်တွင် ရုံးထိုင်ရမည်။ တ ရားလွှတ်တော်ချုပ်သည် အခြားနေရာများ၊ အထူးသဖြင့် ပြည်နယ်များရှိဖက်ဒရယ်တရား ရုံးများတွင်လည်း ရုံးထိုင်ခွင့်ရှိစေရမည်။

ပုဒ်မ (၉၉) တရားသူကြီး၏အရည်အချင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများသည် ပြည်ထောင်စုနိုင်ငံသားဖြစ်ရမည့်အပြင် ဥပဒေရေးရာလုပ်ငန်းများတွင် အနည်းဆုံး (၁၀) နှစ်အတွေ့ အကြုံရှိပြီးသူဖြစ် ရမည်။

## ပြည်ထောင်စုတရားသူကြီးများ

ပုဒ်မ (၁၀၀) တရားသူကြီး

တရားသူကြီးခန့်အပ်ရာတွင် လူမျိုး၊ ဘာသာ၊ အသားအရောင်၊ လိင် ခွဲခြားခြင်းမရှိစေရ။

ပုဒ်မ (၁၀၁) လွတ်လပ်စွာတရားစီရင်ပိုင်ခွင့်

တရားသူကြီးများသည် လွတ်လပ်စွာတရားစီရင်ခွင့်ရှိပြီး တရားဥပဒေကိုသာ တာဝန်ခံရမည်။

ပုဒ်မ (၁၀၂) အခြားတာဝန်ထမ်းဆောင်ခွင့်မရှိခြင်း

တရားသူကြီးများသည် ၎င်းတို့တာဝန်ယူဆောင်ရွက်သည့်တရားစီရင်ရေးတာဝန်မှတပါး–
(က) လစာပေးသော အခြားလုပ်ငန်း၌နေရာ၍ တာဝန်ယူခြင်း သော်လည်းကောင်း၊
(ခ) အမြတ်အစွန်းကိုအခြေခံသည့် လုပ်ငန်းတခုခု၏ စီမံခန့်ခွဲရေးအဖွဲ့ ဝင်အဖြစ် သော်လည်းကောင်း၊
(ဂ) လွှတ်တော်တစ်ရပ်ရပ်၏ကိုယ်စားလှယ် သို့ မဟုတ် အစိုးရအဖွဲ့ တစ်ခုခု၏ အဖွဲ့ ဝင် သော်လည်းကောင်း မဖြစ်စေရ။

ပုဒ်မ (၁၀၃) လစာ

တရားသူကြီးများသည် ပြည်ထောင်စုလွှတ်တော်မှ သတ်မှတ်ပြဋ္ဌာန်းပေးသော လစာကို ရယူခံစား ပိုင်ခွင့်ရှိစေရမည်။

ပုဒ်မ (၁၀၄) သက်တမ်း

တရားသူကြီးများသည်–

၁။ တရားသူကြီးကိုယ်တိုင်ကလျှောက်ထားလျှင်၊

၂။ မိမိ၏တာဝန်ကိုထမ်းဆောင်ရန် မစွမ်းဆောင်နိုင်သည့် အခြေအနေသို့ ရောက်ရှိလျှင်၊

၃။ အကျင့်သိက္ခာလွန်စွာပျက်ပြားလျှင်၊

၄။ အသက် (၇၅) နှစ်ပြည့်မြောက်လျှင်ဩက်တမ်း ကုန်ဆုံးစေရမည်။

ပုဒ်မ (၁၀၅ ) စုံစမ်းစစ်ဆေးခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများသည် ပုဒ်မ (၁၀၄) (၂) နှင့် (၃) ပြဋ္ဌာန်းချက်အပေါ်အခြေခံ၍ ပြည်ထောင်စုရှေ့နေချုပ်ကတင်ပြလာသောအခါ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်မှ တူညီသောကိုယ်စားလှယ်အရေအတွက်ပါဝင်သည့် စုံစမ်းစစ်ဆေးရေး ကော်မတီကိုဖွဲ့ စည်းရမည်။ ၎င်းကော်မတီ၏ စုံစမ်းစစ်ဆေးတွေ့ ရှိ ချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရမည်။

ပုဒ်မ (၁၀၆ ) ကင်းလွတ်ခွင့်

တရားသူကြီးများသည် တင်ကူးကြံရွယ်ချက်ဖြင့် ဥပဒေ ချိုးဖေါက်ခြင်းမှလွဲ၍ ၎င်းတို့၏တရားစီရင်ရေးဆိုင်ရာ လုပ်ဆောင်ချက်များနှင့်ပါတ်သက်ပြီး အရေးယူတရားစွဲဆိုခြင်းမခံထိုက်စေရ။

## ပြည်ထောင်စုတရားရုံးများ၏စီရင်ပိုင်ခွင့်အာဏာ၊ ပြည်ထောင်စုရှေ့နေချုပ်

ပုဒ်မ (၁၀၇) ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စီရင်ပိုင်ခွင့်အာဏာ

ပြည်ထောင်စုတရားရုံးများသည် အောက်ပါကိစ္စရပ်များတွင် စီရင်ပိုင်ခွင့်အာဏာ ရှိစေရမည်။

၁။ ဖွဲ့ စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဆိုင်ရာအငြင်းပွါးမှုများနှင့် တိုင်တန်းမှုများ၊

၂။ ပြည်နယ် အချင်းချင်းကြားတွင် အငြင်းပွါးမှုများ၊

၃။ ပြည်နယ်တစ်ခုနှင့် အခြားပြည်နယ်တစ်ခု၏ ပြည်နယ်သားတို့အကြားတွင် ဖြစ်ပွါးသော မှုခင်းများ၊
၄။ ပြည်နယ်တရားရုံးချုပ်တခုမှ အခြားပြည်နယ်တရားရုံးချုပ်တခုသို့ လွှဲပြောင်း စစ်ဆေးရန်အမှုများ၊
၅။ ပြည်နယ်တရားရုံးတခုနှင့် အခြားပြည်နယ်တရားရုံးတခုအကြား စီရင်ပိုင်ခွင့်နှင့်ပတ် သက်သည့် အငြင်းပွါးမှုများ၊
၆။ နိုင်ငံခြားကုမဏီများနှင့် ပြည်တွင်းကုမဏီများသို့ မဟုတ် ဖက်ဒရယ် ပြည်ထောင်စုတို့ အကြားချုပ်ဆိုသောစာချုပ်စာတမ်းများ ကိုအငြေ ကာင်းပြု၍ ပေါ်ပေါက်သော အငြင်းပွါးမှုများ၊
၇။ လူမွဲဖြစ်ခြင်းနှင့် ဒေဝါလီခံခြင်း ဆိုင်ရာမှုခင်းများ။

(ခ) ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စီရင်ပိုင်ခွင့် အာဏာနှင့်ပတ်သက်၍ ပြည် ထောင်စုလွှတ်တော်မှ ဥပဒေဖြင့် ပြဌာန်းပေးရမည်။

ပုဒ်မ (၁၀၈) ပြည်ထောင်စုရှေ့ နေချုပ်

(က) ပြည်ထောင်စုအစိုးရအဖွဲ့ ကိုဥပဒေအကြံပေးရန်နှင့် ပြည်ထောင်စုအစိုးရကို ကိုယ် စားပြု၍ ဥပဒေကိစ္စများကိုဆောင်ရွက်ရန်အတွက် ပြည်ထောင်စုရှေ့နေချုပ်တဦးကို ဝန်ကြီး ချုပ်ကအမည်တင်သွင်းပြီး ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စု သမတကခန့်အပ်ရမည်၊
(ခ) ပြည်ထောင်စုရှေ့ နေချုပ်သည် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးများတွင် တက် ရောက်ပိုင်ခွင့်ရှိစေရမည်၊ သို့ ရာတွင်ဆွေးနွေးခွင့်မရှိစေရ။

အခန်း (၉)

# ပြည်ထောင်စုဆိုင်ရာ အခြေခံပြဌာန်းချက်များ

## ကာကွယ်ရေး

ပုဒ်မ (၁၀၉) ကွပ်ကဲမှု

(က) ပြည်ထောင်စုအား ပြည်ပရန်မှကာကွယ်ရန်အတွက်သာ ပြည်ထောင်စုတပ်မတော် တစ်ရပ်ကိုဖွဲ့ စည်းတည်ထောင်ပြီး ကာကွယ်ရေးဝန်ကြီးဌာန၏ ကွတ်ကဲမှုအောက်တွင်ရှိစေ ရမည်။
(ခ) ပြည်ထောင်စုကာကွယ်ရေးဝန်ကြီးအဖြစ် ပြည်ထောင်စုတပ်မတော်တွင် လက်ရှိတာဝန်ထမ်းဆောင်နေသူ မည်သူ့ကိုမျှ ခန့်အပ်ခြင်း မရှိစေရ။

### ပုဒ်မ (၁၁၀) ကာကွယ်ရေးဆိုင်ရာမူဝါဒ

ပြည်ထောင်စုအစိုးရအဖွဲ့ နှင့်ပြည်ထောင်စုကာကွယ်ရေးဝန်ကြီးသည် ကာကွယ်ရေးဆိုင်ရာ မူဝါဒများကို ချမှတ်၍ ပြည်ထောင်စုတပ်မတော်က အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

### ပုဒ်မ (၁၁၁) ဖွဲ့ စည်းပုံ

(က) ပြည်ထောင်စုတပ်မတော်ကို ကြည်းတပ်၊ ရေတပ်၊ လေတပ်တို့ဖြင့် လိုအပ်ချက်နှင့်အညီ ဖွဲ့ စည်းထားရမည်။
(ခ) ပြည်ထောင်စုတပ်မတော်ဖွဲ့ စည်းရန်တပ်ဖွဲ့ များကို ပြည်နယ်များမှအချိုးကျပေးပို့ရ မည်။
(ဂ) ပြည်ထောင်စုတပ်မတော်၏ ဖွဲ့ စည်းမှုဆိုင်ရာဥပဒေကို ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသတ်မှတ်ရမည်။

### ပုဒ်မ (၁၁၂) စစ်တက္ကသိုလ်များ

ပြည်ထောင်စုတပ်မတော်၏ ကြည်းတပ်၊ ရေတပ်၊ လေတပ်များအတွက် သီးခြားသောစစ်တက္ကသိုလ်များဖွဲ့ စည်းတည်ထောင်ရမည်။ ယင်းတက္ကသိုလ်များတွင် ပြည်နယ်များမှ အချိုး ကျတက်ရောက်သင်ကြားခွင့် ရှိစေရမည်။

### ပုဒ်မ (၁၁၃) အင်အား

ပြည်ထောင်စုတပ်မတော်တရပ်လုံး၏ အမြဲတမ်းတပ်အင်အားသည် ပြည်ထောင်စုလူဦးရေ၏ (သုံးညဒသမတစ်) ရာခိုင်နှုန်းထက် မပိုစေရ။

### ပုဒ်မ (၁၁၄) စစ်ဦးစီးမှူ းများအဖွဲ့

(က) ပြည်ထောင်စုတပ်မတော် စစ်ဦးစီးမှူးများအဖွဲ့ ကို ပြည်နယ်တနယ်လျှင် တဦးကျစီ ပေးပို့သော တပ်မှူးကြီးများဖြင့် ဖွဲ့ စည်းရမည်။

(ခ) တပ်မတော်စစ်ဦးစီးမှူးချုပ်အဖြစ် စစ်ဦးစီးမှူးများအဖွဲ့ မှတဦးကို အလှည့်ကျတနှစ်စီ တာ ဝန်ထမ်းဆောင်ရန် ဝန်ကြီးချုပ်က ရွေးချယ်ရမည်။
(ဂ)ရွေးချယ်ခံရသူကို သမတက စစ်ဦးစီးမှူးချုပ်အဖြစ်ခန့်အပ်ရမည်။

ပုဒ်မ (၁၁၅) အရပ်ဘက် အုပ်ချုပ်ရေး

စစ်တပ်သည် မည်သည့်အချိန်အခါ၌မဆို အရပ်ဘက်အုပ်ချုပ်ရေးအောက်တွင် ရှိစေရမည်။

ပုဒ်မ(၁၁၆) အရေးပေါ်အခြေအနေတွင် ကြီးကြပ်ကွပ်ကဲခြင်း

အထူးအရေးပေါ်အခြေအနေတွင် ပြည်ထောင်စုသမတသည် စစ်သေနာပတိချုပ်၏ အခွင့်အာဏာကိုအသုံးပြုပြီး ပြည်ထောင်စုတပ်မတော်ကို ကြီးကြပ်ကွပ်ကဲရမည်။

ပုဒ်မ (၁၁၇) ပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချခြင်း

(က) ကာကွယ်ရေးဝန်ကြီးသည် တပ်မတော်သားများသို့ ညွှန်ကြားမှုများ ပုံမှန်ပြုလုပ် ရမည်။
(ခ) စစ်ပညာသင်တန်းဆိုင်ရာအဆင့်ဆင့်တွင်–
၁။ ဒီမိုကရေစီ အခြေခံကျင့်စဉ်နှင့်လူ့ အခွင့်အရေးဆိုင်ရာ သဘောတရားများ၊
၂။ အရပ်ဘက်အုပ်ချုပ်ရေးဆိုင်ရာ အခြေခံသဘောတရားများ–
ကိုသင်ကြားပို့ ချပေးရမည်။

ပုဒ်မ (၁၁၈) စစ်မှုထမ်းခြင်းဆိုင်ရာဥပဒေ

နိုင်ငံသားတိုင်းစစ်မှုထမ်းရေးကို ပြည်ထောင်စုတပ်မတော်တွင်ပြဋ္ဌာန်းထားရမည်။ အသေးစိတ်ကို ပြည်ထောင်စုလွှတ်တော်မှ ဥပဒေပြဋ္ဌာန်းပေးရမည်။

## ဘဏ္ဍာရေးဆိုင်ရာပြဋ္ဌာန်းချက်များ

ပုဒ်မ (၁၁၉) ဘဏ္ဍာရေးဝန်ကြီးဌာနက တာဝန်ခံဆောင်ရွက်ခြင်း

(က) ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းပြီးသော ဘဏ္ဍာရေးဆိုင်ရာဥပဒေများကို ပြည်ထောင်စု ဘဏ္ဍာရေးဝန်ကြီးဌာနက တာဝန်ခံဆောင်ရွက်ရမည်။

(ခ) ပြည်ထောင်စုအစိုးရ၏ နှစ်စဉ်ရ၊ သုံးခန့်မှန်းချေငွေစာရင်း ဥပဒေကြမ်း ကိုဘဏ္ဍာရေး ဝန်ကြီးဌာနက ရေးဆွဲပြုစု၍ ပြည်ထောင်စုအစိုးရမှပြည်သူ့လွှတ်တော်သို့ တင်သွင်းရမည်။

## ပုဒ်မ (၁၂၀) ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းများ

ပြည်ထောင်စုဘဏ္ဍာငွေစုဆောင်ခြင်း၊ ပြည်နယ်များသို့ ဖွံ့ ဖြိုးမှုအထောက်အကူပေးခြင်း၊ ပြည်ထောင်စုအတွက် ငွေချေးယူခြင်းနှင့်ချေးယူငွေကိုပြန်ဆပ်ခြင်း၊ ပြည်ထောင်စုအသုံး စရိတ်များနှင့်ပြည်ထောင်စုဝန်ထမ်းလစာများထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ရမည်။

## ပုဒ်မ (၁၂၁) ပြည်ထောင်စုဘဏ်

ပြည်ထောင်စုငွေကြေးရေးရာကို ထိန်းချုပ်ကွပ်ကဲနိုင်ရန် ဥပဒေနှင့်အညီ ပြည်ထောင်စု ဘဏ်တစ်ခုထူထောင်ရမည်။ ၎င်းသည်လွတ်လပ်ပြီးနိုင်ငံရေးစွက်ဖက်မကြင်းရမည်။ ထို ဘဏ်ကြီးမှ တမျိုးတစားတည်းသောတရားဝင်ငွေစက္ကူနှင့် ငွေဒင်္ဂါးများ ထုတ်လုပ် ရမည်။

## ပုဒ်မ (၁၂၂) ငွေကြေးဆိုင်ရာ သတ်မှတ်ချက်

(က) ပြည်ထောင်စုအစိုးရ၏ ဝင်ငွေအားလုံးကိုပြည်ထောင်စုဘဏ်တွင်အပ်နှံထား ရမည်။
(ခ) ပြည်ထောင်စုဘဏ်မှ ငွေကြေးတစုံတရာကို ဥပဒေနှင့်အညီမဟုတ်လျှင် မည်သူမျှ ထုတ်ယူပိုင်ခွင့် မရှိစေရ။
(ဂ) ပြည်ထောင်စုအစိုးရသည် ငွေကြေးများကိုတရားမဝင်ကြေညာခြင်းလုပ်ပိုင်ခွင့်မရှိစေ ရ။

## ပုဒ်မ (၁၂၃) ဘဏ္ဍာငွေတပြေးညီဖြစ်စေခြင်း

ပြည်ထောင်စုအဖွဲ့ ဝင်ပြည်နယ်တခုသည် ဘဏ္ဍာရေးဆိုင်ရာကိစ္စများကို စနစ်တကျ ဆောင် ရွက်သော်လည်းဘဏ္ဍာငွေမလုံလောက်သောအခြေအနေတစုံတရာကြောင့် လုပ်ငန်းလည် ပတ်နိုင် ခြင်းမရှိတော့ကြောင်း သို့မဟုတ် လုပ်ငန်းလည်ပတ်နိုင်ခြင်း မရှိတော့သည့်အခြေ အနေကို ရောက်ရှိတော့မည်ဖြစ်ကြောင်း ပြည်ထောင်စုအစိုးရကတွေ့ ရှိသည့်အခါတွင် ပြည် ထောင်စုဘဏ္ဍာငွေထဲမှ ခွဲဝေသုံးစွဲခွင့်ပြု ခြင်းဖြင့်သော်လည်းကောင်း၊ အခြားပြည်နယ်များမှ မျှဝေကူညီထောက်ပံ့ရန် စီစဉ်ဆောင်ရွက်ခြင်းဖြင့်သော်လည်းကောင်း ဖြေရှင်းပေးရန်တာ ဝန်ရှိ စေရမည်။

ပုဒ်မ (၁၂၄) စာရင်းစစ်ချုပ်

ပြည်ထောင်စုသမတသည် နိုင်ငံတော်ဝန်ကြီးချုပ်မှ အဆိုပြုတင်သွင်းလာသူကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် စာရင်းစစ်ချုပ်အဖြစ်ခန့်အပ်ရမည်။ စာရင်းစစ်ချုပ်သည် ပြည်ထောင်စု၏ငွေစာရင်းများကို လွတ်လပ်စွာစစ်ဆေးပိုင်ခွင့် ရှိစေရမည်။စာရင်းစစ်ဆေးတွေ့ ရှိချက်များကို ပြည်ထောင်စုအစိုးရနှင့် ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင် ပြရမည်။

## အလုပ်သမားနှင့် လယ်သမားဆိုင်ရာ ပြဌာန်းချက်များ

ပုဒ်မ (၁၂၅) အလုပ်သမားအခွင့်အရေး

(က) အလုပ်လုပ်သူတိုင်း လူ့ဂုဏ်သိက္ခာနှင့်အညီ အသက်ရှင်ရပ်တည်နေနိုင်ရေး အတွက် သင့်တင့်လျောက်ပတ်သော လုပ်ငန်းခွင်အခြေအနေများကို ပြည်ထောင်စုမှ စီစဉ်ဖန်တီးစေရမည်။
(ခ) အလုပ်လုပ်သူတိုင်းသည် တူညီသောအလုပ်အတွက် ညီမျှသောအခွင့်အရေးနှင့်လုပ်ခကို ခံစားပိုင်ခွင့်ရှိစေရမည်။
(ဂ) အလုပ်လုပ်သူတိုင်း၏ လူမှုဖူလုံရေး၊ မျှတသောအလုပ်ချိန်သတ်မှတ်ရေး၊ ခွင့်ရက်ရရှိစေရေးတို့ကို အာမခံချက်ပေးမည့် အလုပ်သမားအခွင့်အရေးကာကွယ်သည့်ဥပဒေများကို ပြည် ထောင်စု လွှတ်တော်မှ ပြဌာန်းရမည်။
(ဃ)အလုပ်သမားသမဂ္ဂ များလွတ် လပ်စွာဖွဲ့ စည်းခွင့်နှင့်စည်းရ ုံးခွင့်တို့ ကို အာမခံပေးရ မည်။
(င) ဥပဒေနှင့်အညီ အလုပ်သမားအခွင့်အရေးကိုတောင်းဆိုခြင်းကြောင့် မည်သူတစ်ဦးတစ်ယောက်ကိုမျှအဆင့်အတန်းခွဲခြားမှုမပြုရ။

ပုဒ်မ (၁၂၆) လယ်သမားအခွင့်အရေး

(က) လယ်သမားတိုင်းသည်–

၁။ သီးနှံများကို လွတ်လပ်စွာစိုက်ပျိုးခွင့်၊ ရောင်းချခွင့်၊ ထုတ်လုပ်ခွင့်၊
၂။ အ ခွန်ဟူသမျှ ငွေကြေးဖြင့် ပေးဆောင်ခွင့်များရှိစေရမည်၊
၃။ လယ်သမားသမဂ္ဂ များလွတ်လပ်စွာ ဖွဲ့ စည်းခွင့်နှင့်စည်းရုံးခွင့်– ရှိစေရမည်။

(ခ) လယ်သမားတိုင်းသည် ဥပဒေနှင့်အညီ ၎င်းတို့ ၏အခွင့်အရေးများတောင်းဆိုမှုကြောင့် အဆင့်အတန်းခွဲခြားမှုမပြုရ။

## ဝန်ထမ်းရေးရာ ပြဋ္ဌာန်းချက်များ

ပုဒ်မ (၁၂၇) ပြည်သူ့ဝန်ထမ်း လေ့ကျင့်သင်ကြားရေး

(က) ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရများသည် သင့်တင့်လျှော်ကန်သောပြည်သူ့ဝန်ထမ်းလေ့ကျင့်ရေးသင်တန်းများ၊ ကျောင်းများကိုဖွင့်လှစ်သင်ကြားရမည်။ ပြည်သူ့ဝန်ထမ်းအကြီးတန်းများအတွက် လေ့ကျင့်ရေးကျောင်းကိုမူ ပြည်ထောင်စုအစိုးရ ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်တွင် ထားရှိရမည်။
(ခ) ပြည်သူ့ဝန်ထမ်းအကြီးတန်းနှင့် အထူးတန်းအတွက် ပြည်နယ်အသီးသီးမှအချိုးကျရွေးချယ်စေလွှတ်မှုအရသာ လေ့ကျင့်ရေးကျောင်းသို့ တက်ရောက်သင်ကြား ခြင်းခွင့်ပြုရမည်။

ပုဒ်မ (၁၂၈) ဝန်ထမ်းများ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ရေး

ပြည်သူ့ ဝန်ထမ်းများ၏ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ခြင်းကို ကန့်သတ်ဟန့်တားမှု မပြု လုပ်ရ။

## လူ့အခွင့်အရေးကော်မရှင်

ပုဒ်မ (၁၂၉) လူ့အခွင့်အရေးကော်မရှင်

(က) ပြည်ထောင်စုဝန်ကြီးချုပ်သည် ပြည်ထောင်စုလွှတ်တော်က လက်ခံအတည်ပြုသောပုဂ္ဂိုလ် (၇)ဦးဖြင့် လူ့ အခွင့်အရေးကော်မရှင်ကို ဖွဲ့ စည်းရမည်။
(ခ) ထိုကော်မရှင်သည် မိမိ၏သဘောဆန္ဒအလျောက်သော်၎င်း၊ တိုင်တန်းချက်လက်ခံရရှိသောအခါတွင်၎င်း လူ့ အခွင့်အရေးချိုးဖောက်မှုများကို စုံစမ်းပြုလုပ်နိုင်ခွင့်ရှိစေရမည်။
(ဂ) လူ့အခွင့်အရေးကော်မရှင်သည် မိမိဆောင်ရွက်ချက်များကို ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြရမည်။
(ဃ) လူ့အခွင့်ရေးကော်မရှင်၏ ထမ်းဆောင်ရမည့်တာဝန်များကို ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်းရမည်။

## အခန်း (၁၀)
# ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ

### ပုဒ်မ (၁၃၀) ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်

ပြည်ထောင်စုအဖွဲ့ ဝင်ပြည်နယ်များသည် ဤအခြေခံဥပဒေပြဋ္ဌာန်းချက်များအရ ကိုယ်ပိုင်ပြ ဋ္ဌာန်းခွင့်ရှိစေရမည်။

### ပုဒ်မ (၁၃၁) ပြည်နယ်ဖွဲ့ စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ

(က) ပြည်နယ်များ၏ ဖွဲ့ စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် ဤဖွဲ့ စည်းပုံအခြေခံဥပဒေပါ လွတ်လပ်မှု၊ ဒီမိုကရေစီကျင့်စဉ်မှုများနှင့်ကိုက်ညီရမည်။
(ခ) အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေးဒေသနှင့် တိုင်းရင်းသားအထူးဒေသများတို့ သည် ၎င်းတို့ဒေသအတွင်း၌ ၎င်းတို့နှင့်သက်ဆိုင်သောကိစ္စအဝဝတို့တွင် သက်ဆိုင်ရာပြည်နယ် ဖွဲ့ စည်း အုပ်ချုပ်ပုံအခြေခံဥပဒေနှင့်အညီ စီမံဆောင်ရွက်ပိုင်ခွင့်ရှိစေရမည်။

### ပုဒ်မ (၁၃၂) ဥပဒေပြုအာဏာ၊ အုပ်ချုပ်မှုအာဏာ၊ တရားစီရင်မှုအာဏာ

ပြည်ထောင်စုအဖွဲ့ ဝင် ပြည်နယ်များသည် ဥပဒေပြုအာဏာ၊ အုပ်ချုပ်မှုအာဏာ၊ တရားစီ ရင်မှုအာဏာများကို ကျင့်သုံးပိုင်ခွင့် ရှိစေရမည်။

### ပုဒ်မ (၁၃၃) ပြည်နယ်လွှတ်တော်

လူနည်းစုအခွင့်အရေးကို ကာကွယ်နိုင်ရန် ပြည်ထောင်စုအဖွဲ့ ဝင် ပြည်နယ်တစ်ခု၏ လွှတ် တော်တစ်ရပ်သည် ပြည်နယ်တခုလုံး၏ လူဦးရေပေါ်တွင်အခြေခံပြီး အခြားလွှတ်တော်တစ် ရပ်သည် ပြည်နယ်အတွင်းရှိ အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေးဒေသနှင့် တိုင်းရင်းသား အထူးဒေသတို့မှ ကိုယ်စားလှယ်များ အချိုးကျပါဝင်စေလျက် တိုင်းရင်းသားလူမျိုးပေါ်တွင် အခြေခံသည့်လွှတ်တော်နှစ်ရပ်ဖွဲ့ စည်းပုံထားရှိနိုင်သည်။

### ပုဒ်မ (၁၃၄) လုံခြုံရေးတပ်ဖွဲ့

ပြည်ထောင်စုအဖွဲ့ ဝင်ပြည်နယ်လူဦးရေ၏(သုံးညဒသမတစ်)ရာနှုန်း အင်အားထက်မပိုသော ပြည်နယ်တပ်ဖွဲ့ ကို ဖွဲ့ စည်းထားရှိနိုင်သည်။

ပုဒ်မ (၁၃၅) ပြည်နယ်အားကာကွယ်ရန် အာမခံခြင်း

ပြည်ထောင်စုသည် ပြည်နယ်အားထိပါးလာသည့်ပြည်တွင်း၊ ပြည်ပအန္တရာယ်ကို ပြည်နယ်ကအကူအညီတောင်းခံလာလျှင်ကာကွယ်ပေးရန်အာမခံသည်။

## အခန်း (၁၁)
# နိုင်ငံသားဖြစ်ခြင်း

ပုဒ်မ (၁၃၆) ပြည်ထောင်စုနိုင်ငံသား

(က) ပြည်ထောင်စု မြန်မာနိုင်ငံ၏ နိုင်ငံသားများမှာ–

၁။ ဤဖွဲ့ စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ အတည်ပြုသည့်အချိန်တွင်နိုင်ငံသားဖြစ်ပြီးသူများ၊

၂။ နိုင်ငံသားမိဘနှစ်ပါးမှ ပေါက်ဖွါးလာသူများ၊

၃။ ဥပဒေအရနိုင်ငံသားပြုခြင်းခံရသူများ– ဖြစ်သည်။

(ခ) ဤဖွဲ့ စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအတည်မပြုမှီအချိန်တွင် နိုင်ငံသားအဖြစ်မှရပ်စဲခံ ရသူများသည် လျှောက်ထားလာလျှင် နိုင်ငံသားအဖြစ်ပြန်လည်ရရှိစေရမည်။

ပုဒ်မ (၁၃၇) နိုင်ငံခြားသားများ နိုင်ငံသားဖြစ်ခွင့်

(က) ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့ မတိုင်မီကပင် မြန်မာနိုင်ငံအတွင်း၌ မွေးဖွား၍ အစဉ်တစိုက်နေထိုင်လာခဲ့သောနိုင်ငံခြားသားများသည် မြန်မာနိုင်ငံသား ဖြစ်ခွင့်ရှိစေရမည်။

(ခ) နိုင်ငံခြားသားများ နိုင်ငံသားဖြစ်ခြင်းနှင့်ပတ်သက်၍ ပြည်ထောင်စုလွှတ်တော်မှဥပဒေပြဋ္ဌာန်းပေးရမည်။

### ပုဒ်မ (၁၃၈) တ႑ပိုင်နက် နိုင်ငံသားဖြစ်ခြင်း

အခြားနိုင်ငံတစ်ခု၏ နိုင်ငံသားအဖြစ်ခံယူထားပြီးသောမြန်မာများသည် မြန်မာနိုင်ငံသား ဖြစ်မှုဆုံးရှုံးခြင်းမရှိစေရ။

### ပုဒ်မ (၁၃၉) ပြည်နယ်သားဖြစ်ခြင်း

ပြည်ထောင်စုအဖွဲ့ ဝင်ပြည်နယ်များ၏ ဥပဒေပြုလွှတ်တော်များသည်ပြည်နယ်သားဖြစ်ခြင်း ဆိုင်ရာဥပဒေကို ပြဋ္ဌာန်းပိုင်ခွင့် ရှိစေရမည်။

## အခန်း (၁၂)
## အရေးပေါ် အခြေအနေ

### ပုဒ်မ (၁၄၀) အရေးပေါ်အခြေအနေ

အောက်ပါအခြေအနေတစ်ရပ်ရပ်အရ အရေးပေါ်အခြေအနေကြေညာပိုင်ခွင့်ရှိသည်။

၁။ ပြည်ထောင်စုနယ်မြေကို ပြည်ပလက်နက်ကိုင်တပ်များက တိုက်ခိုက်ခြင်း သို့မဟုတ် တိုက် ခိုက်မည်ဟုခိုင်လုံသောအကြောင်းရှိခြင်း၊

၂။ သဘာဝဘေးအန္တရာယ်ကြောင့် ကြီးမားသည့်ပျက်စီးဆုံးရှုံးမှုများ၊ ထိခိုက်မှု များ၊ သေ ဆုံးမှုများ ဖြစ်ပေါ်ခြင်း၊

၃။ အများပြည်သူ၏ လုံခြုံမှုနှင့်အေးချမ်းသာယာမှုကို သိသာထင်ရှားစွာခြိမ်း ခြောက်ထိ ပါးပျက်ပြားစေခြင်း၊

### ပုဒ်မ (၁၄၁) ကြေညာခြင်း

ပြည်ထောင်စုအစိုးရမှ တောင်းဆိုလာလျှင် ပြည်ထောင်စုသမတသည် ပြည်ထောင်စု တစ် ဝှမ်းလုံးအတွက်ဖြစ်စေ၊ ဒေသတခုအတွက်ဖြစ်စေ၊ အရေးပေါ်အခြေအနေ ကြေညာရမည်။

### ပုဒ်မ (၁၄၂) တည်ရှိသည့် အချိန်ကာလ

ကြေညာသည့်နေ့မှစ၍ (၆)လထက်မပိုစေပဲ မည်သည့်သက်တမ်းကာလအတွက် ဖြစ်ကြောင်း အရေးပေါ်အနေကြေညာချက်တွင် အတိအကျသတ်မှတ်ဖော်ပြရမည်။ (၆)လထက်မကျော်လွန်သော သက်တမ်းတိုးမြှင့်မှုတိုင်းအတွက် ပြည်ထောင်စုလွှတ်တော်၏အတည်ပြုချက်ကို ရယူရမည်။

### ပုဒ်မ (၁၄၃) လုပ်ပိုင်ခွင့်နှင့် တာဝန်

(က) အရေးပေါ်အခြေအနေအောက်တွင် ပြည်ထောင်စုအစိုးရသည်–

၁။ ပြည်နယ်လုံခြုံရေးတပ်များကို စုစည်းအသုံးချခြင်း၊

၂။ ပြည်နယ်အစိုးရများသို့ ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း–

တို့ ပြုပိုင်ခွင့်ရှိ စေရမည်။

(ခ) ပြည်နယ်လုံခြုံရေးတပ်ဖွဲ့ များနှင့် လုံလောက်ခြင်းမရှိမှသာလျှင် ပြည်ထောင်စုတပ်ကို အသုံးပြုစေရမည်။ ယင်းသို့အသုံးပြုခြင်းအတွက် ပြည်ထောင်စုလွှတ်တော်မှ အတည်ပြု ချက်ရယူရ မည်။

(ဂ) အရေးပေါ်အခြေအနေအတွင်း ပြည်ထောင်စုအစိုးရ၏ ဆောင်ရွက်ချက်မှန်သမျှကို ပြည်ထောင်စုလွှတ်တော်သို့တင်ပြ အစီရင်ခံရမည်။

### ပုဒ်မ (၁၄၄) အရေးပေါ်အခြေအနေကာလအတွင်း တရားစီရင်ရေး

မည်သို့ သောအရေးပေါ်အခြေအနေအောက်တွင်မဆို တရားစီရင်ရေးအာဏာသည်တရား ရုံးများတွင်သာ ရှိရမည်။ အထူးတရားရုံးများဖွဲ့ စည်း၍ တရားစီရင်ခြင်း မရှိစေရ။

## အခန်း (၁၃)
## ကူးပြောင်းရေးကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ

### ပုဒ်မ (၁၄၅) တည်ဆဲဥပဒေများ၊ တရားရုံးများ

(က) ဤဖွဲ့ စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအတည်မပြုမီက အာဏာတည်ခဲ့သောဥပဒေများ သည် ဤအခြေခံဥပဒေနှင့် မဆန့်ကျင်လျှင် ဆက်လက်အာဏာတည်စေရမည်။
(ခ) အဆင့်ဆင့်သောတရားရုံးများသည် ဤအခြေခံဥပဒေအရ တရားရေးစနစ်တစ်ရပ်ဖွဲ့ စည်းပေါ်ပေါက်သည်အထိ တရားစီရင်ပိုင်ခွင့်အာဏာများကို ဆက်လက်ကျင့်သုံးခွင့်ရှိစေ ရမည်။

## ပုဒ်မ (၁၄၆) ဝန်ထမ်းများ

ဤအခြေခံဥပဒေအတည်မပြုမီက တာဝန်ထမ်းဆောင်လျက်ရှိကြသော အစိုးရအမှုထမ်း အားလုံးသည် ဆက်လက် အမှုထမ်းစေရမည်။

## ပုဒ်မ (၁၄၇) နိုင်ငံခြားနှင့်ချုပ်ထားဆိုသော စာချုပ်စာတမ်းများ

ဤအခြေခံဥပဒေအတည်မပြုမီက မြန်မာနိုင်ငံအစိုးရပါဝင်ချုပ်ဆိုခဲ့သော စာချုပ်များနှင့်စပ် လျဉ်း၍ ပြည်ထောင်စုအစိုးရမှပြန်လည်သုံးသပ်ပြီး ပြည်ထောင်စုလွှတ်တော်သို့ လွှဲပြောင်း ကာ ဆက်လက်ဆောင်ရွက်စေရမည်။

## ပုဒ်မ (၁၄၈) လူဦးရေစာရင်းကောက်ယူခြင်း

ဤအခြေခံဥပဒေအာဏာတည်ပြီးနောက် လူဦးရေစာရင်းအပြည့်အစုံ ကောက်ယူရေးလုပ် ငန်းကို ပြည်ထောင်စုအစိုးရမှဆောင်ရွက်ရမည်။

# အခန်း (၁၄)
# ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအားပြင်ဆင်ခြင်း

## ပုဒ်မ (၁၄၉) ဥပဒေကြမ်းအားအတည်ပြုခြင်း

(က) အတိအကျပြဋ္ဌာန်းသတ်မှတ်သောဥပဒေဖြင့်ဖြစ်စေ၊ ပြဋ္ဌာန်းချက်ကို ဖြည့်စွက်ခြင်းဖြင့်ဖြစ်စေ ဤဖွဲ့ စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ပြင်ဆင်နိုင်စေရမည်။

(ခ) ဤဖွဲ့ စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းကို အောက်ပါနည်းလမ်းအတိုင်း ဆောင်ရွက်ခြင်းဖြင့် အကျိုးသက်ရောက်စေရမည်။

၁။ ပြင်ဆင်ချက်ဥပဒေကြမ်းကို လွှတ်တော်တစ်ရပ်လုံး၏ အနည်းဆုံးအဖွဲ့ ဝင်သုံး ပုံတစ်ပုံထောက်ခံမှုဖြင့်ပြည်သူ့ လွှတ်တော်တွင်ဖြစ်စေ၊ အမျိုးသားလွှတ်တော် တွင် ဖြစ်စေစတင်တင်သွင်းရမည်၊

၂။ ပြင်ဆင်ရန်အဆိုပြုချက်ကို ပြည်ထောင်စုအဖွဲ့ ဝင် ပြည်နယ်များ၊ ပြည်ထောင် စုအစိုးရနှင့် အခြားလွှတ်တော်တစ်ရပ်သို့ အကြောင်း ကားအသိပေးရမည်၊

၃။ ပြည်ထောင်စုအစိုးရနှင့် ပြည်ထောင်စုအဖွဲ့ ဝင်ပြည်နယ်များသည် ၎င်းတို့ ၏ သဘောထားများကို ပြင်ဆင်ရန်အဆိုပြုချက်လက်ခံရရှိပြီးနောက် (၄၅)ရက် အတွင်း ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့ ရမည်၊

၄။ ပုဒ်မ (၄၁)(ခ)အရကျင်းပသော ပူးတွဲအစည်းအဝေးတွင် ပြင်ဆင်ချက် ဥပဒေကြမ်းကို လွှတ်တော်တစ်ရပ်စီ၏ သုံးပုံနှစ်ပုံမဲဖြင့် အတည်ပြုခြင်း၍ဥပဒေ ဖြစ်စေရမည်။

၅။ ထိုဥပဒေကိုပြည်ထောင်စုသမတက လက်မှတ်ရေးထိုး၍ ပြည်ထောင်စုဥပဒေ ပြန်တမ်းတွင်ထုတ်ပြန်ကြေညာရမည်။

**Transmitted by Burma Lawyers' Council**